# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၃၃)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည်ချပ်ဝတ်တန်ဆာ ဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်

## စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နေပြည်တော် ဒီဇင်ဘာ ၆

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံ့ချီစည်သူမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်စည်သူထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။






## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်)

# နိုင်ငံအတွက်သားကောင်းရတနာများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီးဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကိုကျင့်သုံးလျက်ရှိသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကိုစောင့်ထိန်းသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံနှင့်မဆို ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေဟူသည့်မူကိုလက်ကိုင်ထားကာ ကျင့်သုံးလျက်ရှိသော်လည်း တချို့သောနိုင်ငံများသည် မြန်မာနိုင်ငံနှင့်ပတ်သက်လာလျှင် သဘောထားမမှန်သည်ကို တွေ့ရှိရသည်။ ဤတွေ့ရှိချက်ကိုလေ့လာဆန်းစစ်ကြည့်ပါက မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ကာကွယ်ရေး မောင်းနှင်အားကို အမြဲတမ်းကျစ်လျစ်ခိုင်မာတောင့်တင်းနေအောင် လုပ်ဆောင်ထားရမည်ဟူသော အဖြေတစ်ရပ်ပေါ်ထွက်လာသည်။

နိုင်ငံတော်ကာကွယ်ရေးအင်အားဆိုသည်မှာ နိုင်ငံတိုင်းအတွက် လိုအပ်သည့်အရာဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရှိနေသည့်နိုင်ငံအတွက် ပြည်တွင်း၊ ပြည်ပ အန္တရာယ်မှန်သမျှကို အချိန်နှင့်တစ်ပြေးညီဖြေရှင်းနိုင်ရန်မှာ ကာကွယ်ရေးအင်အား ပို၍တောင့်တင်းခိုင်မာနေရန်လိုအပ်လှသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀(က)တွင် "တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသောမျိုးချစ်တပ်မတော်ဖြစ်သည်" ဟု အတည်ပြုပြဋ္ဌာန်းထားသည်။ ပုဒ်မ ၂၀ (င)တွင် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်" ဟု အခိုင်အမာပြဋ္ဌာန်းထားသည်။

တပ်မတော်သည် နိုင်ငံတော်အတွက် မရှိမဖြစ်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ တပ်မတော်ကို အမြဲတမ်းကျစ်လျစ်ခိုင်မာနေစေရန်အတွက် မျိုးဆက်သစ်တို့စဉ်ဆက်မပြတ်ဝင်ရောက်တာဝန်ထမ်းဆောင်နေကြရန်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများကို ၎င်းတို့၏ပညာရေးအဆင့်အတန်း၊ ကျန်းမာရေးအဆင့်အတန်းအလိုက် တပ်မတော်ရှိ ဗိုလ်လောင်းသင်တန်းများသို့ တက်ရောက်ခွင့်ပေးထားသည်။ နှစ်စဉ်နှစ်တိုင်း စစ်တက္ကသိုလ်သို့တက်ရောက်ပညာသင်ကြားလျက်ရှိကြရာ ယခုအခါ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)သို့ ရောက်ရှိလာပြီဖြစ်သည်။

စစ်တက္ကသိုလ်တွင် လေးနှစ်တာကာလ စစ်ပညာများ၊ စာပေပညာများကိုတတ်မြောက်အောင် သင်ယူကြရသည်။ ၂၁ ရာစု ခေတ်သစ်စစ်ပွဲများသည် အကန့်အသတ်အတားအဆီးမဲ့ပုံစံဖြင့် အရပ်မျက်နှာအမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးမှ ပုံသဏ္ဌာန်မျိုးစုံဖြင့် ပုံဖော်တိုက်ခိုက်လျက်ရှိကြသည်။ တိုးတက်လာသည့် ခေတ်မီစစ်လက်နက်ပစ္စည်းများကြောင့် ပြောင်းလဲသွားမည့် စစ်ပွဲ၏ပုံစံနှင့်စစ်ဗျူဟာများကို ကြိုတင်မြော်တွေးကြရမည်ဖြစ်သည်။ ခေတ်မီဆန်းသစ်လာသည့် ကွပ်ကဲမှုနှင့်ကြီးကြပ်မှုစနစ်ကို နားလည်တတ်ကျွမ်းအောင် ကြိုးစားအားထုတ်ရမည်ဖြစ်ပြီး နည်းပညာများနှင့်လိုက်လျောညီထွေပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကို လေ့လာနေကြရမည်ဖြစ်သည်။ အထူးသဖြင့် စစ်ရေးဆိုင်ရာကိစ္စရပ်များအပြင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံတကာရေးရာကိစ္စရပ်များကို စဉ်ဆက်မပြတ်လေ့လာနေကြရမည်ဖြစ်သည်။ ထိုသို့ အမြင်ကျယ်စွာသိရှိနိုင်ရေးကိုလည်း စစ်တက္ကသိုလ်က သင်ကြားပေးပြီးဖြစ်သည်။

စစ်တက္ကသိုလ်ဗိုလ်လောင်းများသည် ကျောင်းဆင်းပွဲပြီးမြောက်သည်နှင့် ပြန်တမ်းဝင်အရာရှိများအဖြစ် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် ကျရာတာဝန်များကို နိုင်ငံ့သားကောင်း၊ တပ်မတော်သားကောင်းများပီသစွာ ပါဝင်ဆောင်ရွက်ကြတော့မည်ဖြစ်သည်။ စစ်တက္ကသိုလ်ကျောင်းဆင်းများသည် အမိနိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိပြီး အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ကြမည့် နောင်တစ်ခေတ်၏ အောင်စစ်သည်များဖြစ်သည်နှင့်အညီ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုနှင့် စွမ်းရည်သုံးရပ်ပြည့်စုံမှုဟူသော ကိုယ်စီအရည်အချင်းငါးပါးနှင့်ပြည့်စုံနေရမည်ဖြစ်သည်။

နောင်တစ်ခေတ်၏အောင်စစ်သည်ဟုညွှန်းဆိုထားသည့်လူငယ်များသည် ပြည်သူလူထုမှမွေးဖွားလာသော သားကောင်းရတနာများဖြစ်သည်။ သူတို့သည် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်အပေါ် သစ္စာစောင့်သိကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြတော့မည်ဖြစ်သည်။ မျိုးဆက်သစ်ခေါင်းဆောင်ငယ်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးနေခြင်းသည် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက်အဓိကဖြစ်သည်။ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတည်ရှိနေအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စစ်တက္ကသိုလ်ကျောင်းဆင်းဗိုလ်လောင်းများသည် နိုင်ငံတော်နှင့် တပ်မတော်ကအားထားရသည့် လက်ရုံးရည်သာမက နှလုံးရည်ပါပြည့်ဝသည့် အရာရှိကောင်းများဖြစ်ပေရာ နိုင်ငံအတွက် သားကောင်းရတနာများအဖြစ်ဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။ ။




# လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကျင်းပ

မိုးနဲ ဒီဇင်ဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နမ့်စလိုင်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ လူငယ်များ အသိပညာပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများရှိလာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ ဒီဇင်ဘာလ ၅ ရက်တွင် လူငယ်စကားဝိုင်းကျင်းပသည်။

ရှေးဦးစွာ နမ့်စလိုင်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းလှဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။

ထို့နောက် စကားဝိုင်းကျင်းပရာ Grade(7) မှ ကျောင်းသူ မနန်းမှူးမွန်ပြည့်စုံက လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade(6)မှ ကျောင်းသား မောင်စိုင်းထွန်းနိုင်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade(6)မှ ကျောင်းသူ မလိန်ကြွက လူငယ်နှင့်စာဖတ်ရိုန်မြှင့်တင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade(5)မှ ကျောင်းသား မောင်စိုင်းဟန်ဦးက လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade(5) မှ ကျောင်းသူ မနော်အိအိဇော်က လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြသည်။ ယင်းနောက်တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည့်အကြောင်းအရာများကို ခေါင်းစဉ်အလိုက်မေးမြန်းရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှပြသထားသော စာအုပ်ပြပွဲနှင့်အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာလေ့လာကြည့်ရှုကြကြောင်းသိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၁၂-၂၀၂၄(စနေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၇:၁၀ | ဓမ္မပူဇာတေး | ၉။ | ၁၂:၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၂။ | ၀၇:၃၀ | မျိုးချစ်တပ်မတော် | ၁၀။ | ၁၆:၀၆ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၃။ | ၀၈:၀၅ | အမျိုးသားရေးတေးကဗျာ | ၁၁။ | ၁၈:၄၀ | နိုင်ငံအတွက်အား MSME လုပ်ငန်းများ |
| ၄။ | ၀၈:၃၀ | ခရီးလည်းသွား စကားလည်းဆို | ၁၂။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ သုဘာသိတာစ ယာဝါစာ** |
| ၅။ | ၀၉:၃၀ | အမှတ်တရနေ့ရက်များ | ၁၃။ | | တရားတော် |
| ၆။ | ၁၀:၁၀ | အမျိုးသားရေးတေးကဗျာ | ၁၄။ | | သင့်အတွက်မနက်ဖြန် |
| ၇။ | ၁၁:၀၀ | နိုင်ငံတကာသတင်း | | | |
| ၈။ | ၁၁:၄၅ | Soft Skill | | | |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား မြန်မာနိုင်ငံ၏ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ(၂)ရက်နေ့မှ (၇)ရက်နေ့အထိ ပါရာဂွေးသမ္မတနိုင်ငံ အာဆွန်စီယွန်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် "Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage"အစည်းအဝေးတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ်ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးအတွက် အဓိကပါဝင်ကူညီပံ့ပိုးပေးခဲ့သောဥက္ကဋ္ဌ ဒေါ်စန္ဒာခင် ဦးဆောင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အားလည်းကောင်း၊ ဝိုင်းဝန်းအားဖြည့်ဆောင်ရွက်ပံ့ပိုးပေးခဲ့ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့၊ ပုဂံမြို့အာနန္ဒာမြတ်စွာဘုရားကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ဗိုလ်တထောင်မြို့နယ်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီအစည်းအရုံး၊ မြန်မာနိုင်ငံပန်းပုအစည်းအရုံး၊ ဝိသာခါဖောင်ဒေးရှင်း၊ TMW Enterprise Limited၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်(ရန်ကုန်)၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးစောင့်ရှောက်ရေးအဖွဲ့(ဗဟန်းမြို့နယ်)၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်း၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့်အသင်းအဖွဲ့များ၊ ကူညီပံ့ပိုးသူများအားလုံးတို့အားလည်းကောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အတွက် လိုအပ်သည့် သင်္ကြန်မှတ်တမ်းများနှင့် နောက်ခံစကားပြော ပံ့ပိုးကူညီဆောင်ရွက်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် Living Myanmar Media Group အားလည်းကောင်း၊ အဆိုပြုစာတွဲများတင်သွင်းရာတွင် လိုအပ်သည့်ဘာသာပြန်ဆိုဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပြင်သစ်ဘာသာဌာနအားလည်းကောင်း၊ အဆိုပြုစာတွဲတင်သွင်းရေးအတွက် သတင်းနှင့်နည်းပညာအချက်အလက်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကိုစတင်ခဲ့ကြသည့် ပုဂံခေတ်ကာလမှ ယနေ့အထိ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့အားလည်းကောင်း ဤစာဖြင့်ဖော်ပြရာတွင် မပါဝင်ခဲ့သောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးသူများအားလုံးတို့ကိုလည်းကောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်မြိုင်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသီတာစန်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။





အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က လက်ရှိကာလ၌ ဥပဒေ(မူကြမ်း)စိစစ်ခြင်းလုပ်ငန်းကို မိမိတို့ဌာနတစ်ခုတည်းက ဆောင်ရွက်နေခြင်းဖြစ်၍ အားနည်းနိုင်ကြောင်း၊ သို့ဖြစ်၍ ဥပဒေများကိုမလိုအပ်ဘဲ ဥပဒေအသစ်ပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်ခြင်း မဖြစ်စေရန် ယခုကဲ့သို့ အပြီးသတ်ညှိနှိုင်း အစည်းအဝေးပြုလုပ်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သလောက်သာ ပြင်ဆင်သင့်ကြောင်းပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လက်ရှိကျင့်သုံးလျက်ရှိသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယခုအခါ ဌာနအမည်ပြောင်းလဲသဖြင့် ဝန်ကြီးဌာန၏အမည်နှင့် ဦးစီးဌာနအမည်တို့ကိုပြင်ဆင်ခြင်း၊ စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ရာတွင် “ဒဏ်ကြေးငွေတပ်ရိုက်ခြင်း” မပါဝင်သဖြင့် ထပ်မံထည့်သွင်းခြင်းနှင့် အဆင့်ဆင့်အယူခံနိုင်ရေးအတွက် ပြင်ဆင်ခြင်းဖြစ်ကြောင်း၊ ခေတ်ကာလနှင့်အညီ လုပ်ငန်းများပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို ပြဋ္ဌာန်းလိုခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ယင်းဥပဒေ(မူကြမ်း)သည် ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရန်လိုအပ်သဖြင့် အဆိုပါဥပဒေ(မူကြမ်း)အား ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြင်ဦးလွင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ကြီးကိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိရာ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက စာသင်ကျောင်းအတွင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရေသန့်စင်စနစ်လည်ပတ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြခဲ့ပြီး တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ကျေးရွာနေပြည်သူများအနေဖြင့် လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လိုအပ်သည့် လည်ပတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေဖြင့် ကြီးကိုင်ကျေးရွာ ကျေးရွာတွင်းလမ်း ဘေးဝဲ/ယာများ၌ အုတ်စီရေမြောင်းနှင့် Slab Culvert တံတားတည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် သံဂဟေဆက်သင်တန်းဆင်းသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူများနှင့် သင်တန်းဆင်းသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် သင်္ဂတုံကျေးရွာ၌ ပြင်ဦးလွင် နို့စားနွားမွေးမြူရေးသမဝါယမ အသင်းလီမိတက်၏ နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြင်ဦးလွင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသော ကျေးရွာငါးရွာ၊ လူဦးရေ ၃၈၀၀ ကျော်နှင့် စိုက်ဧက ၅၀၀၀ တို့ကို အကျိုးပြုပေးလျက်ရှိသည့် ပြင်ဦးလွင်မြို့ရှောင်လမ်းမှ နောင်လိုင်ကျေးရွာဆက်သွယ်သောလမ်းကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် စက်မှုဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့်တာဝန်ရှိသူများ နေပြည်တော်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ပြီး တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးဌာနမှူးများက သတ်မှတ်နေရာများမှ Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲတွင် ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ ရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းပေါင်း ၈၀ ခန့် ပြသနိုင်ရန်နှင့် ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစားပေါင်း ၃၀ ပေးအပ်ချီးမြှင့်ရန် စီစဉ်လျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ နေပြည်တော်ကောင်စီ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ယခင်ကျင်းပခဲ့သည့် ပြည်ထောင်စုနေ့အခမ်းအနားမှ အတွေ့အကြုံများနှင့် အကြံပြုချက်များ၊ နေပြည်တော်ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်များ လာရောက်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် စက်မှုဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များ ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်ပြီး ပြိုင်ပွဲဝင်အားကစားသမားများအား အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပိုက်ကျော်ခြင်း အားကစားသမား ၁၃ ဦး၊ ပြေးခုန်ပစ်အားကစားသမားခြောက်ဦး၊ ဂေါက်သီးရိုက်အားကစားသမားခုနစ်ဦးတို့အတွက် ထောက်ပံ့ငွေများနှင့်အားကစားသမားတစ်ဦးချင်းစီအား ထောက်ပံ့ငွေ၊ အားကစားဝတ်စုံများနှင့် ဆေးဝါးများကို တာဝန်ရှိသူများထံပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဖွင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားတက်ရောက်မည့် ဝန်ထမ်း ၃၃၂ ဦးအတွက် ထောက်ပံ့ငွေများကို အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းနှင့် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းများသို့ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(၅၀၀)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် သုမင်္ဂလာအဆင့်မြင့်ဈေးတည်ဆောက်ရေးစီမံကိန်းသို့သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

**အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ်နေရာ(Land Mark)တစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးနှင့် ခရီးသွားများအမြဲမပြတ် လည်ပတ်နိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လို၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့်အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သက်ဆိုင်ရာသုတေသနအဖွဲ့များက ဆောင်ရွက်သွားရန် လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်း၊ မျိုးသန့်များကိုလည်း ဒေသတွင်းအောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေး စမ်းသပ်ဆောင်ရွက်သွားရန်လို . . .**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းသစ်ပင်ပန်းမန်များစိုက်ပျိုးထိန်းသိမ်းထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကန်တော်ကြီးအတွင်း ထည့်သွင်းမွေးမြူထားသည့်အလှမွေးငါးများ၊ ဘဲငန်းများကို အစာကျွေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၅ ရက် နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကန်တော်ကြီးဥယျာဉ်ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့် ဥယျာဉ်တာဝန်ခံကုမ္ပဏီမှအမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးတို့က ကန်တော်ကြီးဥယျာဉ်အတွင်းရှိ **စာမျက်နှာ ၆ သို့** ❍





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က သုမင်္ဂလာဈေး(ညံ့တောဈေး) ၆ ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး) ၆ ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**ယခု အဆင့်မြင့်ဈေးသစ် တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှုများပြားလာမှုများနှင့်ကိုက်ညီသည့် အဆင့်မီဈေးတစ်ခု ဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး) ၆ ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

○ **စာမျက်နှာ ၅ မှအဆက်**

ရေကန်များအတွင်း ရေဝင်ရောက်မှုအခြေအနေများ၊ ယခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များအား ထိန်းသိမ်းထားရှိမှုအခြေအနေများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့်ကဗျာပြိုင်ပွဲများ ပြုလုပ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက်ပန်းပွဲတော်သို့ လာရောက်အပန်းဖြေကြမည့်သူများ များပြားနိုင်သဖြင့် လိုအပ်သည်များကို ပြည့်စုံစွာဆောင်ရွက်ပေးထားရန်လိုကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ်နေရာ(Land Mark) တစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးနှင့် ခရီးသွားများအမြဲမပြတ်လည်ပတ်နိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်သဖြင့် ပန်းပေါင်းစုံများ ရာသီမရွေးဖူးပွင့်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင်သက်ဆိုင်ရာ သုတေသနအဖွဲ့များက ဆောင်ရွက်သွားရန်လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်း၊ မျိုးသန့်များကိုလည်း ဒေသတွင်းအောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေးစမ်းသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥယျာဉ်နေရာများ၌ သာမက မြို့အတွင်းရှိ လမ်းများ၊ ရပ်ကွက်များအတွင်း၌လည်း သစ်ပင်ပန်းမန်များစိုက်ပျိုး၍ မျက်စိပသာဒဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်ဒေသသို့ ခရီးသွားဧည့်သည်များ အများအပြားလာရောက်အပန်းဖြေကြခြင်းသည် ဒေသ၏သာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု၊ အေးချမ်းစိုပြည်မှုတို့ကြောင့်ပင်ဖြစ်ပြီး "အိမ်သာ၍ ဧည့်လာ"ခြင်းပင်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ ခရီးသွားအများအပြားလာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူ ဖြစ်စေနိုင်သည်ဖြစ်သဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ Green Zone Area များကို မဖြစ်မနေအကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက်

**စာမျက်နှာ ၇ သို့** ○

၀ စာမျက်နှာ ၆ မှအဆက်

စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျ ဆက်လက်စိုက်ပျိုးထိန်းသိမ်းခြင်းများဖြင့်လည်း ရာသီဥတုကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများ၊ ဒေသပန်းမျိုးများ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း သုတေသနပြုစိုက်ပျိုးစမ်းသပ်ထားရှိမှု၊ ရေကန်ပတ်လမ်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီးအတွင်း ထည့်သွင်းမွေးမြူထားသည့် အလှမွေးငါးများ၊ ဘဲငန်းများကို အစာကျွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညတောဈေး) ၆ ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အထပ်အလိုက် ဆိုင်ခန်းများဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ကလေးကစားကွင်းနေရာများ၊ ရုပ်ရှင်ရုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆိုလာပြားများ တပ်ဆင်သွားမည့်အခြေအနေများ၊ မြေညီထပ်ရှိ Local Fresh Fruits & Meats Market နှင့် Banking Service Area အတွက် ဗိသုကာဒီဇိုင်းများ ပြင်ဆင်ထားရှိမှု၊ ယာဉ်ရပ်နားသည့်နေရာအတွင်း EV ကားများအတွက် Battery Charger နေရာများ ဆောင်ရွက်ထားရှိမှု၊ ရေဝင်ရေထွက်ကောင်းမွန်စေရေးအတွက် တွက်ချက်ဆောင်ရွက်ထားရှိမှု၊ ရေဆိုးစွန့်ပစ်မှုစနစ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အထူးပြုလုပ်ချက် Video Clip ကိုဖွင့်လှစ်ပြသသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ရေစီးရေလာနှင့် ရေဝင်ရေထွက်ကောင်းမွန်စေရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား၍ ရေနုတ်မြောင်းများကို စနစ်တကျတွက်ချက်၍ ထည့်သွင်းတည်ဆောက်သွားရန် လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးစီးပါက ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုပြီး စားသောက်ဆိုင်ခန်းများထားရှိမည့်အထပ်တွင် သန့်ရှင်းမှုရှိစေရေးကို အလေးထားဆောင်ရွက်သွားရန်နှင့် ရေ/မီးစနစ်များ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲရာတွင် Back up စနစ်ကိုပါထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မြင့်ဈေးဖြစ်သည်နှင့်အညီ အသီးအရွက်များ၊ အသားငါးများကိုလည်း စနစ်တကျထုပ်ပိုး၍ ရောင်းချသွားရန်လိုကြောင်း၊

ယခုအဆင့်မြင့်ဈေးသစ်တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှုများပြားလာမှုများနှင့်ကိုက်ညီသည့် အဆင့်မီဈေးတစ်ခုဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ စံပြဈေးတစ်ခုဖြစ်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သုမင်္ဂလာဈေး(ညတောဈေး) ၆ ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများပြီးစီးမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများပြီးစီးမှုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းလုပ်ငန်းများပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နောက်ထပ်ငါးနှစ် စီမံကိန်းဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးသို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးကြောင်း အထောက်အထားစာရွက်စာတမ်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံများကို လွှဲပြောင်းပေးအပ်ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။

အိန္ဒိယ-မြန်မာ နယ်စပ်တစ်လျှောက် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူများအတွက် အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်အိန္ဒိယသမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာကို ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်တွင် စတင်လက်မှတ်ရေးထိုးခဲ့ပြီး ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ စီမံကိန်းလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတားများဆောက်လုပ်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ စွမ်းအင်၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ၅ သန်းနှုန်းဖြင့် ၅ ကြိမ်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ သန်းနှုန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် ပဉ္စမအကြိမ် စီမံကိန်းလုပ်ငန်း ၃၈ ခုကို ရာနှုန်းပြည့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား ဒုတိယအကျော့အဖြစ် အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅ သန်းဖြင့် ငါးနှစ်ကာလအတွက် အမေရိကန်ဒေါ်လာ ၂၅ သန်းဖြင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU)အသစ်ကို လက်မှတ်ရေးထိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## တောင်ကြီးတက္ကသိုလ် တောင်ကြီးပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းက အေးသာယာမြို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းသို့ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေမှုကို ကြည့်ရှုပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဖြင့် ကုန်ထုတ်လုပ်မှုစွမ်းအားမြှင့်တင်နိုင်ရေး ကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အေးသာယာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်ချမ်းမြေ့စွာ ပညာသင်ယူမှုကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဆောင်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့်တွေ့ဆုံကာ သင်ကြားသင်ယူမှုနည်းစနစ်များမြှင့်တင်ရန်၊ ထုတ်လုပ်မှုတိုးမြှင့်ရေး အထောက်အကူပြု သုတေသနများဦးစားပေးလုပ်ဆောင်ရန် ညှိနှိုင်းဆွေးနွေးပြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ပညာကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးပညာရေးဒီဂရီကောလိပ် ကမ္ဘောဇဆောင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ သင်ကြားရေးဘာသာရပ်များသာမက အားကစားနှင့်ကာယပညာကို တတ်မြောက်အောင် လေ့ကျင့်သင်ယူရန်၊ ဥပဒေကိုလေးစားလိုက်နာရန်မှာကြားပြီး စာစားရိပ်သာ၌ ကျောင်းသား၊ ကျောင်းသူများ ညနေစာစားသုံးနေမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။

(သတင်းစဉ်)

## ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ထိန်ချုံးမြို့တွင်ကျင်းပသည့် ထိန်ချုံးသိပ္ပံပညာရှင်များဖိုရမ်ကို တက်ရောက်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိန်ချုံးမြို့သို့ ယမန်နေ့ နံနက် ၉ နာရီက ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Hengyi ကုမ္ပဏီသို့ သွားရောက်လေ့လာရာ ဒုတိယဒါရိုက်တာချုပ် Mr. Peng An Quang နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များတွင် အဆင့်မြင့်နည်းပညာများအသုံးချမှုကြောင့် လုပ်ငန်းရလဒ်များတိုးတက်လာပုံ၊ ကုမ္ပဏီ၏ အနာဂတ်မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးသည်။ ဆက်လက်၍ ထိန်ချုံးမြို့၏ အထင်ကရ Heshun မြို့ဟောင်းသို့ သွားရောက်လေ့လာကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယူနန်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး H. E Guo Dajin ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ ထိန်ချုံးသိပ္ပံပညာရှင်များဖိုရမ်ဆိုင်ရာအစီအစဉ်များ၏ မျှော်မှန်းချက်များကို ဆွေးနွေးကြသည်။ (မြ၀၀)

# (၆.၁၂.၂၀၂၄) ရက်နေ့ စာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

Density 19.25 နှင့်အထက်ရှိသော စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅,၃၃၀,၀၀၀ ကျပ် ဖြစ်သည်။

**(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁) အပိုင်း(၂)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံစာရင်းကောင်စီမှ ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်တွင်ဖွင့်လှစ်သည့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်းအမှတ်စဉ်(၁) အပိုင်း(၂) (Diploma in International Financial Reporting Standards- Batch-1, Level - II )သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား ၁၄ ဦး၊ ဝန်ကြီးဌာနများမှ သင်တန်းသား ၄၃ ဦး စုစုပေါင်း သင်တန်းသား ၅၇ ဦးတက်ရောက်ပြီးမြောက်ခဲ့ပြီး အပိုင်း(၃)အထိ အောင်မြင်ပြီးမြောက်သူများအား ဒီပလိုမာဘွဲ့ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများတက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြကြောင်းသိရသည်။

(၅၀၀)

# ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ အမှတ်(၂)နှင့် အမှတ်(၃) ရေနံဓာတ်ငွေ့ရည်စက်ရုံကို ဒုတိယဝန်ကြီးဦးသန့်စင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်နှင့်အတူ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် ရတနာစုကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသော အမှတ် (၂)နှင့်အမှတ် (၃) ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)တို့ကို ရောက်ရှိလှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက စက်ရုံလုံခြုံရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး အထူးအလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စက်ပစ္စည်းကိရိယာများ ကြိုတင်စစ်ဆေးပြုပြင်ခြင်းနှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအတွက် CSR ရန်ပုံငွေမှ ပိုမိုပံ့ပိုးပေးစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စက်ရုံလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် CSR ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့သည် ဝန်ထမ်းများ၏တင်ပြမှုများအပေါ် လိုအပ်သောပေါင်းစပ်ညှိနှိုင်းမှုများဆောင်ရွက်ပေးကာ အင်အားဖြည့်အစားအစာများပေးအပ်ပြီး စက်ရုံလည်ပတ်ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၆

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်မြန်မာစံတော်ချိန် ၁၄ နာရီ ၀၉ မိနစ် ၂၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(တိုက်ကြီးမြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၇ ဒသမ ၃၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၃ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။ **မိုး/ဇလ**

**(စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲ ဂုဏ်ပြုကဗျာ)**

## ချီလေကွဲ့ချီလေ

❑ ပြင်ဦးလွင် ဆောင်းနှင်းထဲ
ကျောင်းဆင်းပွဲ ဆင်နွှဲသည်၊
ကြွရောက်လာ ဧည့်သည်များရယ်က
ပျားပန်းခပ်စည်၊
နှင်းဆမ်းတဲ့ လေပြည်
နေခြည်နု နွေးနွေး။
တက်နေပမာ
ကျက်သရေဖြာ မင်္ဂလာအပေါင်းရယ်နဲ့
ခညောင်းတယ်လေး။

❑ စစ်တက္ကသိုလ် အစဉ်အလာကောင်းတွေနဲ့
ဗိုလ်လောင်းများ မွေးရာမြေ
ရွှန်းစိုလို့နေ၊
အောင်ပန်းနဲ့ အောင်သံဝေ
အောင်လံတွေ ဝင့်မြူး။
ဘူမိနက်သန် အောင်မြေမွေးတွေမို့
အောင်တေး ရင့်ကျူး။

❑ စစ်တက္ကသိုလ် ရှုခင်းလှ
စစ်ရေးပြ ကွင်းပြင်ညီ၊
"စစ်သည်တော်" သစ္စာတေး
ဟစ်ကြွေးလို့ချီ၊
ဓွဲနပဲရယ်နဲ့
ရဲရဲတောက် ဘာမထီ
အာဇာနည်မျိုးရိုး။
လက်ရုံးရည်နဲ့
နှလုံးရည် စွမ်းရည်အပြည့်
ဇာတိမာန်နိုး။

❑ ချီလေကွဲ့ ချီလေ၊
နိုင်ငံ့ဝန် လက်ဆင့်ကမ်းလို့
ထမ်းမည့်သူတွေ၊
တို့ပိုင်နက်တည်စေ
စည်ဝေဖို့ လက်မနှေး။
အရေးသုံးလီ ဦးထိပ်ရွက်
ချီတက်စို့လေး။ ။

**မောင်ငြိမ်းချမ်း**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲဂုဏ်ပြုဆောင်းပါး


# နောင်တစ်ခေတ်ရည်မှန်း အောင်စစ်သည်တော်များသို့ ဂုဏ်ပြုဖော်ညွှန်း စာမော်ကွန်း

အန်ကယ်စိုး

“မြောက်လေအပြန် ဟေမန်... ဆောင်းရာသီ၊ ငွေရည်ငွေနှင်းလေးတွေ ဖျန်းပက်နေတော့သည်...”အဆိုတော်ကြီး ခင်ညွန့်ရည်၏ နားဝင်ပီယံဂီတသံစဉ်နှင့်အတူ ဆောင်းဦးပေါက်ရာသီ၏ နံနက်ခင်းတွင် စာရေးသူနိုးထလာခဲ့သည်။ နံနက် ၅ နာရီထဖို့ ဆောင်းအမီသီချင်းလေးဖြင့် ဖုန်းမြည်သံပေးထားရာ အခုဆို စာရေးသူရော အခြားသောဓာတ်ပုံအဖွဲ့၊ သတင်းမှတ်တမ်းအဖွဲ့၊ စာမူပြုစုရေးအဖွဲ့ အားလုံး အိပ်ရာမှနိုးထကြလေပြီ။ အိပ်ရာမှနိုးသည်နှင့် ဦးဆုံးကြားရသည်က ဗိုလ်လောင်းတပ်ရင်းများဘက်ဆီမှ “ ဒုန်း...ဒုန်း... ဒုန်း” မြည်သံစွဲအလင်္ကာဖြင့် စစ်ရေးပြဘင်ခရာသံများပင်ဖြစ်ခြေ၏။ အသံများကြောင့် ကြက်သီးမွေးညင်းများပင်ထသွားရ၏။ ထို့နောက် မိမိဘာသာတစ်ဦးတည်း ပြုံးလိုက်မိသည်။ မကြာမီ ကျောင်းဆင်းတော့မည့် ညီငယ်အရာရှိများကိုယ်စား ပြုံးမိခြင်းသာ။ ဒီအချိန်ဆို သူတို့ပျော်နေကြတော့မည်။ စာရေးသူပင်ကြားထဲက အပျော်တွေကူးစက်မိသည်မဟုတ်ပါလား။ ဪ...ဘာလိုလိုနဲ့ ဒီနေ့က စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) မှ မျိုးဆက်သစ်နောင်တစ်ခေတ်၏ အောင်စစ်သည်များကို မွေးထုတ်ပေးနိုင်သည့် နေ့ရက်အခါသမယပင် မဟုတ်ပါလားလေ။ စစ်ရေးပြကွင်းထဲချီတက်ဖို့ပြင်စရာရှိသည်များကို ပြင်ဆင်ရင်း စာရေးသူစိတ်အစဉ်က လွန်လေခဲ့ပြီးသော အနှစ် (၂၀) ကာလဆီပြန်ရောက်ရလေသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလတတိယပတ်။ ရာသီဥတုက အရိုးထိအောင်အေးစိမ့်လှသည်။ တစ်ကြိမ်တစ်ခါမျှမကြုံဖူးသည့် ပြင်ဦးလွင်ဆောင်းနှင့် စာရေးသူကြုံတွေ့ရသည်။ ကိုယ်သာလျှင်မက ပြင်ဦးလွင်နယ်ခံမဟုတ်သည့် အနယ်နယ်အရပ်ရပ်က ရောက်လာသူတိုင်း ခိုက်ခိုက်တုန်လှသည့် ရာသီဥတုပင်။ ယခုအချိန်ထိ တရားဝင်ဗိုလ်လောင်းအဖြစ် အသိအမှတ်ပြုမခံရသေး။ အကြောင်းကား Under Training ကာလ မပြည့်သေးသောကြောင့်ပင်။ ထိုကာလ ဆေးစစ်မှုများပြီးမြောက်မှ ဒေါက်တင်ပွဲအခမ်းအနားကျင်းပကာ တရားဝင်ဗိုလ်လောင်းဖြစ်သည်။ ဗိုလ်လောင်းဘဝသို့ခြေချသည်နှင့်ပထမဆုံးရင်နှီးကျွမ်းဝင်ရသည်က **“နောင်တစ်ခေတ်၏ အောင်စစ်သည်”** ဟူသည့် ကြက်သီးထဖွယ် ဆိုင်းဘုတ်ကြီးနှင့် ဆောင်ပုဒ်ကြီး။ ထို့နောက် သစ္စာ၊ သူရ၊ သိပ္ပ ။ တစ်ဖန် “ မီးနာမှ သံကောင်းမည်၊ သံကောင်းမှ ဓားထက်မည်” အစရှိသည့် ဆောင်ပုဒ်အသီးသီးက ဗိုလ်လောင်းအသစ်လေးများ ကျော်ဖြတ်ရင်ဆိုင်ရမည့်စိန်ခေါ်မှုအသစ်များဆိုသည်ကို အစောပိုင်းကာလများက မသိခဲ့ကြသေး။

ဗိုလ်လောင်းဒေါက်တင်ပွဲနေ့မှာတော့ နိုင်ငံတော်အလံကို လက်သီးဆုပ်ဖြင့် ထိလျက် သစ္စာပြုရသည်။ မှတ်မိနေပါသေးသည်။ **“တရားဥပဒေဖြင့် အတည်ပြုထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ယုံကြည်လေးမြတ်စွာ၊ ကျွန်ုပ်၏အသက်စွန့်၍ပင် အမှုထမ်းပါမည်ဟုလည်းကောင်း၊ ကုန်းကြောင်းခရီးဖြင့်ဖြစ်စေ၊ ရေကြောင်းခရီးဖြင့်ဖြစ်စေ၊ လေကြောင်းခရီးဖြင့်ဖြစ်စေ၊ မည်သည့်နေရာသို့မဆို အမိန့်ပေးသည့်အတိုင်း ကျွန်ုပ်၏အသက်စွန့်၍ပင် သွားပါမည်ဟုလည်းကောင်း၊ ကျွန်ုပ်ကိုအုပ်ချုပ်သော အထက်အရာရှိတစ်ဦးဦး၏အမိန့်အားလုံးကို ကျွန်ုပ်၏အသက်စွန့်၍ပင် နာခံပါမည်ဟူ၍လည်းကောင်း လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါ၏”** ဟူသည့် အသံကို ယနေ့ထက်တိုင်ပင် ပြန်လည်ကြားယောင်နေမိသည်။ ပထမနှစ်ဗိုလ်လောင်းဘဝရောက်မှ စစ်တက္ကသိုလ်၏သမိုင်းကြောင်းကို ပိုမိုလေ့လာခွင့်ရရှိသည်။



၁၉၅၄ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်ရှိ ဗထူးတပ်မြို့၌ **“ကာကွယ်ရေးစစ်တက္ကသိုလ်”** အမည်ဖြင့် စတင်ပေါ်ပေါက်ခဲ့သော စစ်တက္ကသိုလ်သည် ၁၉၅၆ ခုနှစ် ဩဂုတ်လ ၂၇ ရက်မှစကာ **“ စစ်တက္ကသိုလ်”** ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ၁၉၅၇ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် ပြင်ဦးလွင်မြို့သို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ယနေ့ထက်တိုင်ပင်ဖြစ်၏။ **“ တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်”** ဟူသောရည်ရွယ်ချက်ဖြင့် သားကောင်းရတနာများကို မွေးထုတ်ပေးခဲ့သည်။ လေ့ကျင့်ရေးဌာန၊ စာပေဌာနနှင့် အုပ်ချုပ်မှုဌာနဟူ၍ အဓိကဌာနကြီးသုံးခုဖြင့် ဗိုလ်လောင်းများ၏ စားသောက်နေထိုင်ရေး၊ စစ်ပညာစာပေပညာသင်ကြားရေး အဖုံဖုံကို ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်ပညာသင်ကြားရသည့် ပင်ပန်းမှုနှင့်မကြုံခင် မနက်စောစော P.T ထပြေးရသည့်ဒုက္ခကိုက မသေးလှပေ။ နှင်းစိုစိုထဲ ကိုယ်စီလေ့ကျင့်ခန်းဆောင်ရွက်ရသည့် စစ်ပညာရပ်များကလည်း ပထမနှစ်ဗိုလ်လောင်းများအတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ ဘဝတစ်သက်တာ အမှတ်ရစရာများထဲတွင် စစ်တက္ကသိုလ်မှ ပညာသင်ကြားခဲ့သည့် ဗိုလ်လောင်းတိုင်းအတွက် စစ်တက္ကသိုလ် ပထမနှစ်တာကာလသည် မမေ့နိုင်ဖွယ်ကာလဟုဆိုနိုင်ပေသည်။ အမိရင်ခွင်မှလွန်မြောက်ချိန်တွင် ပျော်ရွှင်လွတ်လပ်မှု၊ အရပ်ဘက်တက္ကသိုလ်များ၏ ကြည်နူးဆွတ်ပျံ့မှုတို့နှင့် မတူညီသော ပထမနှစ်ဗိုလ်လောင်းဘဝ၏လမ်းလျှောက်ခွင့်မရှိသော အပြေးတက်ချွေးထွက်များရသောအနံ့၊ နေကြာရိုင်းနံ့များသည် ယောကျ်ားကောင်းတစ်ဦး စစ်သားကောင်းတစ်ဦးအဖြစ် ပုံသွင်းပေးသော ကာလများဟု ထိုစဉ်ကာလများကမသိခဲ့ရိုးအမှန်ပေ။ ဒါကြောင့်ပဲ **“ငါ့သားများစစ်ထဲဝင်ရင်လေ သူ့ကိုပြောလိုက်စမ်းပါကွာ...”** ဟူသော စစ်သည်တော်ဟောင်းတစ်ဦး၏ ဂန္ထဝင်စကားတစ်ခွန်းက ယနေ့ထက်တိုင် ပြောစမှတ်တွင်နေခဲ့ခြင်းဖြစ်ပါလိမ့်မည်။

စစ်သားကောင်းတစ်ဦးပီသပြီး စိတ်ဓာတ် စည်းကမ်းကောင်းမွန်စေခြင်းအလို့ငှာ သင်ကြားရသည့် စစ်ရေးပြဘာသာရပ်မှသည် ဗိုလ်လောင်းနှစ်အလိုက် သင်ယူရသည့် နယ်ကျော်ပြေး၊ ရေကူး၊ လုံ့စွပ်ထိုး၊ သန်မာမှု၊ လက်ဗွေ့၊ သေနတ်ပစ်၊ ဘောလုံး၊ ခြင်းလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ကျွမ်းဘား၊ မြန်မာ့သိုင်းပညာ၊ ချေမှုန်းရေး အစရှိသော ပြိုင်ပွဲများသာမက ဉာဏစွမ်းရည်အတွက် ကျပန်းစကားပြောပြိုင်ပွဲများကိုလည်း ဗိုလ်လောင်းဘဝတွင် သင်ယူတတ်မြောက်ခဲ့ရသည်။ ထိုမျှမက မြင်းစီးသင်ခန်းစာ၊ မော်တော်ယာဉ်မောင်းသင်ခန်းစာများကိုလည်း ပို့ချပေးလျက်ရှိ၏။ စစ်တက္ကသိုလ်တွင် သင်ကြားပေးသည့် ဘာသာရပ်များသည် ရည်ရွယ်ချက်အသီးသီးရှိကြောင်းနှင့် သင်ယူခဲ့ရသည့် အတတ်ပညာရပ်များသည် လူ့ဘဝရှင်သန်ရပ်တည်ရေးတွင် တစ်နည်းတစ်ဖုံဖြင့် အထောက်အကူပြုနေသော ပညာရပ်များပင်ဖြစ်ပေသည်။ ပြည်သူ့ဘဝ လေ့လာရေးခရီးများသွားရောက်ကာ ပြည်သူလူထု၏လိုအပ်ချက်များအား တစ်နိုင်တစ်ပိုင် ဖြည့်ဆည်းပေးခြင်း၊ စက်ရုံအလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းတို့ဖြင့် ဗဟုသုတများစွာရရှိစေခဲ့သည်။

ဗိုလ်လောင်းဘဝတွင် မှတ်မှတ်ထင်ထင် စွဲကျန်ရစ်နေသော စကားနှစ်ခွန်းမှာ DSA Never Surrender နှင့် Mine Honour is My Life အစချီသော စကားတို့ပင်ဖြစ်ပါသည်။ ရင်ထဲသံမှိုစွဲစေသော ထိုစကားနှစ်ခွန်းကို ဗိုလ်လောင်းတိုင်းလိုလို လက်ခံကျင့်သုံးခဲ့ကြသည်။ အမိစစ်တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သော ရှေးရှေးသော နောင်တော်စစ်သည်များသည်လည်း “ စစ်တက္ကသိုလ် ဘယ်တော့မှ လက်နက်မချ၊ ဒူးမထောက် လက်မမြှောက်” စိတ်ဖြင့် ရှင်သန်ခဲ့ကြသလို “ ကျွန်ုပ်၏ဂုဏ်သိက္ခာသည် ကျွန်ုပ်၏ဘဝ” ဖြစ်သည်ဟူသော ခံယူချက်ကို နှလုံးသွင်းကာ စစ်တက္ကသိုလ်ဗိုလ်လောင်းကောင်းတစ်ဦး၊ တပ်မတော်သားကောင်းတစ်ဦး၊ ထို့မှသည် နိုင်ငံသားကောင်းတစ်ဦးအဖြစ် ကျရာတာဝန်များကျေပွန်လျက် သမိုင်းပေးတာဝန်များ ထမ်းဆောင်ခဲ့ကြသည်။ မိမိရှေ့မှ နောင်တော်အပေါင်းသည်လည်း “နောင်တစ်ခေတ်၏ အောင်စစ်သည်” များအဖြစ် အမိစစ်တက္ကသိုလ် ဂုဏ်ကိုဖော်ညွှန်းခဲ့ကြသည်။ စာရေးသူတို့အလှည့်တွင် သေနတ်တစ်လှည့်၊ ကလောင်တံတစ်လှည့်ဖြင့် ပေးအပ်သည့် တာဝန်များ ကျေပွန်အောင်ထမ်းဆောင်ခဲ့သည်။ ယခုဆိုလျှင် နောင်တစ်ခေတ်၏ အောင်စစ်သည်ညီငယ်များကို ဂုဏ်ပြုဖော်ညွှန်းရန် စစ်တက္ကသိုလ်စစ်ရေးပြကွင်းကြီးထဲသို့ ရောက်ရှိနေခဲ့ပါပြီ။

အားမာန်ပြည့်ဝမြိုင်ဆိုင်လှသော စစ်တီးဝိုင်းအဖွဲ့၏ တီးခတ်မှု၊ ဗိုလ်လောင်းများ၏ ဝမ်းခေါင်းသံအပြည့်နှင့် သီဆိုဟစ်ကြွေးနေသော **“အမျိုးချစ်တဲ့ဓာနည် တိုင်းပြည်ဝန်ထမ်းမည် စစ်တက္ကသိုလ်ကျောင်းသားများစွမ်းရည်...ပေးအပ်တဲ့**

စာမျက်နှာ ၁၀ သို့ ❖

**◆ စစ်သားကောင်းတစ်ဦးပီသပြီး စိတ်ဓာတ် စည်းကမ်းကောင်းမွန်စေခြင်းအလို့ငှာ သင်ကြားရသည့် စစ်ရေးပြဘာသာရပ်မှသည် ဗိုလ်လောင်းနှစ်အလိုက် သင်ယူရသည့် နယ်ကျော်ပြေး၊ ရေကူး၊ လုံ့စွပ်ထိုး၊ သန်မာမှု၊ လက်ဗွေ့၊ သေနတ်ပစ်၊ ဘောလုံး၊ ခြင်းလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ကျွမ်းဘား၊ မြန်မာ့သိုင်းပညာ၊ ချေမှုန်းရေး အစရှိသောပြိုင်ပွဲများသာမက ဉာဏစွမ်းရည်အတွက် ကျပန်းစကားပြောပြိုင်ပွဲများကိုလည်း ဗိုလ်လောင်းဘဝတွင် သင်ယူတတ်မြောက်ခဲ့ရ . . .**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၆

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့တော်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် အစိုးရချင်းဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံမှတင်သွင်းသည့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်ခဲ့သည်။

ယင်းအစည်းအဝေးသို့ ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးကျော်ဇေယျနှင့် မြန်မာကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ်က ကျေးဇူးတင်စကားပြောကြားရာ၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ထည့်သွင်းနိုင်ခြင်းမှာ မြန်မာနိုင်ငံရှိ သက်ဆိုင်သူအားလုံးနှင့် လူမှုအသိုက်အဝန်းအားလုံးတို့မှ တစိုက်မတ်မတ်အားထုတ်ကြိုးပမ်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယခင်နှစ်ပေါင်းများစွာ အစဉ်အဆက်လက်ဆင့်ကမ်းလာခဲ့ကြသည့်နည်းတူ နောင်လာနောက်သားတို့အတွက် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် နောင်နှစ်ပေါင်းထောင်ပေါင်းများစွာ ဆက်လက်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုများ ဆက်လက်လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်ရေးအတွက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီအဖွဲ့ဝင်များ၊ ၂၀၀၃ ခုနှစ် ကွန်ဗင်းရှင်းဆိုင်ရာအတွင်းရေးမှူးနှင့် အတွင်းရေးမှူးရုံးအဖွဲ့၊ အကြံပေးကော်မတီအဖွဲ့များ၏ ပံ့ပိုးကူညီမှုများကိုလည်းကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။ (သတင်းစဉ်)

❖ **စာမျက်နှာ ၉ မှအဆက်**

**တာဝန် တို့ကျေပွန်ရမည် အားခဲကာ ဖွဲ့နဲ့ တက်လှမ်းချီ"** ဟူသော တေးသီချင်းသံနှင့်အတူ ဗိုလ်လောင်းများက စစ်ရေးပြကွင်းထဲအားမာန်အပြည့် ဝင်ရောက်နေရာယူကြပါပြီ။ သေချာပါသည် စာရေးသူသာမက မိမိထက် စစ်သက်ရာထူးကြီးရင့်ကြမည့် အရာရှိကြီးများသည်ပင် ဗိုလ်လောင်းလေးများ၏ ချီတက်လှုပ်ရှားမှုများကို ကြည့်လျက် တစ်ခါက ဗိုလ်လောင်းဘဝများကို ပြန်လည်အောက်မေ့လျက် စစ်သွေးစစ်မာန်များ ပြန်လည်တစ်ရေးနိုးလာလိမ့်မည်ဟု စာရေးသူယုံကြည်မိသည်။

စစ်ရေးပြအခမ်းအနား အစီအစဉ်သည် သတ်မှတ်ချက်အတိုင်း အစီအစဉ်ကျစွာ ပြီးမြောက်သွားခဲ့သည်။ စစ်ရေးပြအခမ်းအနားတွင် အငြိမ်းစားစစ်သားကြီးများကိုလည်းတွေ့ခဲ့ရသည်။ မိမိတို့၏ မျိုးဆက်သစ်များအတွက် ဂုဏ်ယူဝင့်ကြွားစွာ အခမ်းအနားတက်ရောက်ကြသည့် ပုံရိပ်များက လေးစားအားကျစရာပင်။ ထို့ပြင် နိုင်ငံတော်အတွက် ကျရာတာဝန်ကို ကျေပွန်စွာထမ်းကြမည်ဟူသော ဆုရဗိုလ်လောင်းများ၏ ရင်တွင်းစကားသံများကလည်း အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်ကြီးအတွက် အားရကြည်နူးစရာ။ စစ်ရေးပြအစီအစဉ်ပြီးဆုံးသည့်နောက် ဗိုလ်လောင်းများ ကွင်းအတွင်းမှ ထွက်ခွာသွားကြသည်။ ညှော့်ပရိသတ်အပေါင်းလည်း ထွက်ခွာသွားကြလေပြီ။ မလှမ်းမကမ်းတွင် တွေ့မြင်နေရသည့် အနော်ရထာတပ်ရင်းမှ ဗိုလ်လောင်းအဆောင်များ၊ ဗိုလ်လောင်းများအဆောင်နှင့်မနီးမဝေးမှ ပြင်ဦးလွင်မြို့အဝင်ရှိ ကျောက်တောင်ဘုရားတို့ဆီ လှမ်းမျှော်ကြည့်ရင်း တစ်ခါတုန်းက ချွေးနံ့၊ နေကြာရိုင်းပင်များရနံ့၊ နံနက်စာ ကြက်ဥပြုတ်၊ လက်ဖက်ရည်၊ ချပါတီနံ့၊ ညနေစောင်းသောက်ရသည့် နွားနို့နံ့တို့နှင့်အတူ စစ်ရေးပြနည်းပြများ၏ အပိုစစ်ရေးပြမောင်းသည့် နှုတ်မိန့်သံများ၊ "First Year အပြေးတက်" ဟူသော စီနီယာများနှင့် နည်းပြများဆီမှ အသံများကို ပြန်လည်ကြားယောင်လာမိသည်။ သေချာသည်ကား ထိုရနံ့များနှင့် ထိုပုံရိပ်များသည် နိုင်ငံတော်ကာကွယ်ရေးအတွက် ထုဆစ်ပုံသွန်းပေးသည့် အရေးအကြီးဆုံးသော အခြေခံလက်ရာများပင်ဖြစ်ပါကြောင်း စာရေးသူ ယနေ့အချိန်မှာ ခံစားသက်ဝင်မိခဲ့ပါပြီ။ မျိုးဆက်သစ်ညီငယ်များသည်လည်း အမိစစ်တက္ကသိုလ်၏ စေတနာမေတ္တာတို့ကို ခံစားနားလည်လျက် စစ်တက္ကသိုလ်၏ဆောင်ပုဒ်များ၊ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်များမှာ နောင်တစ်ခေတ်၏အောင်စစ်သည်များအဖြစ် ပါဝင်ကပြ အသုံးတော်ခံကြလိမ့်မည်ဟု စာရေးသူ ယုံကြည်မျှော်လင့်မိပါသည်။ ။

## ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ရေပန်းဥယျာဉ်ကို Royal Garden အဖြစ်အဆင့်မြှင့်တင်မှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ကော်မတီဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ရေပန်းဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာအနားယူအပန်းဖြေနိုင်စေရန်အတွက် Royal Garden အဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ခေတ်မီကလေးကစားကွင်းများ အဆင့်မြှင့်တင်နေမှု၊ ကြိုးတံတားပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်နေမှု၊ Sky Garden တွင် ရှားပါးအပင်များစိုက်ပျိုးထားရှိမှု၊ အလှပြငါးများနှင့် ရှားပါးတိရစ္ဆာန်များမွေးမြူထားရှိမှု၊ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး



အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရေးအလေးထားဆောင်ရွက်ရန်၊ ဥယျာဉ်အတွင်းရှိသစ်ပင်ပန်းမန်များ အမြဲစိမ်းလန်းသာယာလှပနေစေရေးနှင့် ရာသီအလိုက်ပွဲတော်များ၊ ပန်းပွဲတော်များကျင်းပဆောင်ရွက်နိုင်စေရေး လျာထားစီမံဆောင်ရွက်ရန်တို့ကိုမှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များကို လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

◆ကျောဖုံးမှအဆက်

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှတာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြောင်းသတင်းရရှိသည်။ (သဝ)



စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပစဉ်။

# နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(အောင်ပန်း)၌ သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၆

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း)၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားအား ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင် တက်ရောက်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း၌ ဧည့်ကြိုသင်တန်းတွင် ၁၀ ဦး၊ အိပ်ခန်းဆောင် သင်တန်းတွင် ၁၀ ဦး၊ အစားအစာနှင့်အဖျော်ယမကာဝန်ဆောင်မှု သင်တန်းတွင် ၁၀ ဦး စုစုပေါင်း ၃၀ ဦးတို့အား နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများ အခမဲ့ထောက်ပံ့၍ ၂၀၂၄ ခုနှစ် ဇွန်လ ၂၄ ရက်မှ ဒီဇင်ဘာလ ၆ ရက်အထိ ရက်သတ္တ ၂၄ ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပြီး ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့ထိ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး မွေးထုတ်ပေးခဲ့ကြောင်း၊ သင်တန်းဆင်းပြီးသူများကိုလည်း ဟိုတယ်ဇုန်များတွင် အလုပ်ဝင်ရောက်လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာဟိုတယ်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ (၅၀၀)

## သဇင် (FM) အသံလွှင့်အစီအစဉ်

၇-၁၂-၂၀၂၄(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) သင်တန်းဆင်းပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း



**ဒို့တပ်မတော်သားတွေဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာမှာ ဘယ်အချိန် ဘယ်နေရာပဲဖြစ်ဖြစ် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရတဲ့သူတွေဖြစ်လို့ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ပြီး စိတ်ဓာတ်ကောင်းမွန်ဖို့ အထူးလိုအပ်တယ်။**

**ရဲဘော်တို့**

ဒီနေ့ဟာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)ရဲ့ သင်တန်းဆင်းတဲ့နေ့ဖြစ်သလို နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားသစ်လောင်းတဲ့နေ့လည်းဖြစ်တာမို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာပြောကြားလိုတယ်။

**ရဲဘော်တို့**

**"တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်နှင့်နှလုံးရည်ပြည့်ဝသည့် အရာရှိကောင်းများမွေးထုတ်ပေးရန်"** ဆိုတဲ့ စစ်တက္ကသိုလ်ရဲ့ ရည်ရွယ်ချက်နဲ့အညီ ရဲဘော်တို့ကို နိုင်ငံတော်နဲ့ တပ်မတော်က အားထားရမယ့် နိုင်ငံ့သားကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးခဲ့ခြင်းဖြစ်တယ်။ အမိစစ်တက္ကသိုလ်က မွေးထုတ်ပေးခဲ့တဲ့ ရဲဘော်တို့ဟာ နိုင်ငံတော်နဲ့ တပ်မတော်အတွက် ခွန်အားသစ်တွေကို ဖြည့်ဆည်းပေးမယ့် မျိုးဆက်သစ်အရာရှိငယ်များဖြစ်လို့ တာဝန်ကျရာ တပ်အသီးသီးကိုရောက်ရှိချိန်မှာ အမိစစ်တက္ကသိုလ်ရဲ့ ဂုဏ်ကိုစောင့်ထိန်းပြီး ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားကြရမှာဖြစ်တယ်။ စစ်တက္ကသိုလ်ရဲ့ဆောင်ပုဒ်ဖြစ်တဲ့ **"နောင်တစ်ခေတ်၏ အောင်စစ်သည်"** ဆိုတဲ့အတိုင်း ရဲဘော်တို့ဟာ မျိုးဆက်သစ်ခေါင်းဆောင်ငယ်များအနေနဲ့ စစ်မြေပြင်မှာ အောင်ပွဲတွေရရှိအောင် သင်ကြားပေးလိုက်တဲ့ စစ်ပညာ၊ စာပေပညာရပ်တွေကို ထိရောက်စွာအသုံးချကာ သူရသတ္တိနဲ့ တွေးခေါ်မြော်မြင်မှုပေါင်းစပ်ပြီး ကြိုးစားအားထုတ် တာဝန်ထမ်းဆောင်သွားကြဖို့လိုအပ်တယ်။ နိုင်ငံတော်ကို ကာကွယ်ဖို့ ခိုင်မာတဲ့သန္နိဋ္ဌာန်စိတ်နဲ့ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်ကို ဝင်ရောက်လာခဲ့တဲ့ ရဲဘော်တို့အနေနဲ့ စစ်တက္ကသိုလ်ရဲ့ မွန်မြတ်တဲ့အစဉ်အလာ၊ ကောင်းမွန်တဲ့ဂုဏ်သတင်းများကို ဆက်လက်စောင့်ထိန်းပြီး စစ်မြေပြင်မှာ မှတ်ကျောက်တင်ခံနိုင်မယ့် စစ်သားကောင်းများဖြစ်အောင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သွားကြပါလို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်မတော်ရဲ့ တပ်ရင်း/တပ်ဖွဲ့အသီးသီးမှာ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရတော့မယ့် ရဲဘော်တို့ဟာ မိမိကွပ်ကဲရမယ့် လက်အောက်ငယ်သားတွေကို မှန်ကန်တဲ့ခေါင်းဆောင်မှုပေးနိုင်ဖို့လိုအပ်တယ်။ အမိကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ခေါင်းဆောင်မှုပညာရပ်ဟာ အခြေခံသဘောမျှသာဖြစ်တဲ့အတွက် လက်တွေ့နယ်ပယ်ကရရှိလာတဲ့ အတွေ့အကြုံ ဗဟုသုတတွေနဲ့ ပေါင်းစပ်ပြီး ခေါင်းဆောင်ကောင်းတွေဖြစ်အောင် ကြိုးစားကြရမယ်။

ဒါ့အပြင် မိမိဦးဆောင်တဲ့အဖွဲ့ကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်ဖို့ လက်အောက်ငယ်သားများကို ကျောသားရင်သားမခွဲခြားဘဲ ကွပ်ကဲအုပ်ချုပ်နိုင်ရမယ်။ ကိုယ်တိုင်စံနမူနာပြဖြစ်အောင် နေထိုင်ခြင်းဖြင့် လက်အောက်ငယ်သားတွေရဲ့ ရိုသေမှု၊ လေးစားမှု၊ ယုံကြည်ကိုးစားမှုနဲ့ သစ္စာရှိစွာပူးပေါင်းဆောင်ရွက်မှုတို့ကိုရယူပြီး ပေးအပ်တဲ့ရည်မှန်းချက်တာဝန်တွေကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ဖို့လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ ဒို့တပ်မတော်က ပြဋ္ဌာန်းထားတဲ့ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့အညီ ပြုမူကျင့်ကြံပြီး စစ်မြေပြင်နှင့် လုပ်ငန်းတာဝန် နယ်ပယ်အသီးသီးမှာလက်အောက်ကို မှန်ကန်တဲ့ခေါင်းဆောင်မှုပေးနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်ရန်အတွက် မိမိတို့ရဲ့ခေါင်းဆောင်မှုအရည်အသွေးများကို အစဉ်တိုးတက်နေအောင် ကြိုးပမ်းတည်ဆောက်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်သားတွေဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာမှာ ဘယ်အချိန်ဘယ်နေရာပဲဖြစ်ဖြစ် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရတဲ့သူတွေဖြစ်လို့ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ပြီး စိတ်ဓာတ်ကောင်းမွန်ဖို့ အထူးလိုအပ်တယ်။ တပ်ဖွဲ့ဝင်တွေရဲ့စိတ်ဓာတ်ကောင်းမွန်စေဖို့အတွက် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးတို့နဲ့ ဖန်တီးပေးရမှာဖြစ်သလို တစ်ဖက်ကလည်း မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ခံယူချက်၊ ယုံကြည်ချက်၊ အစဉ်အလာ၊ သမိုင်းကြောင်းစတာတွေနဲ့ တည်ဆောက်ပေးရမှာဖြစ်တယ်။ မျိုးချစ်စိတ်ဆိုရာမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကိုထိရင် မချိအောင်နာတတ်တဲ့စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမယ်ဆိုတဲ့စိတ်တို့ပဲဖြစ်တယ်။ အဲဒီလို အရင်းခံစိတ်တွေ ကိန်းဝပ်လာအောင် တည်ဆောက်ပေးနိုင်မှသာ တစ်ဦးချင်းရဲ့ယုံကြည်ချက်၊ ခံယူချက်မြင့်မားလာပြီး စိတ်ဓာတ်ခိုင်မာကောင်းမွန်လာမှာဖြစ်တယ်။ စိတ်ဓာတ်ကောင်းရင် လူ၊ လက်နက်အင်အားနည်းသော်လည်း အောင်မြင်မှုရရှိအောင် ကြံ့ကြံ့ခံဆောင်ရွက်နိုင်စွမ်းရှိတာကိုတွေ့ရှိရတယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ မိမိကိုယ်တိုင်သာမက မိမိကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကိုပါ မျိုးချစ်စိတ်၊ တိုင်းပြည်ကိုကာကွယ်လိုစိတ်၊ မိမိတပ်ဖွဲ့နဲ့တပ်မတော်အပေါ် ချစ်ခင်တွယ်တာစိတ်ရှိစေဖို့ လေ့ကျင့်ပြုစုပျိုးထောင်နေကြရမှာဖြစ်တယ်။ ဒါ့အပြင် တိုက်ပွဲဝင်ရာမှာလည်း ရဲဘော်တို့အပါအဝင် တပ်ဖွဲ့ဝင်တွေရဲ့ တိုက်လိုခိုက်လိုစိတ်မြင့်မားစေဖို့အတွက် တပ်မတော်ရဲ့ စိတ်ဓာတ်တွေဖြစ်တဲ့ လှေခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်၊ ပေးအပ်တဲ့တာဝန်အပေါ်မှာ တုံးတိုက်တိုက် ကျားကိုက်ကိုက် မဖြစ်မနေအောင်မြင်အောင်လုပ်မယ်ဆိုတဲ့စိတ်ဓာတ်၊ ဒို့တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကိုအသက်နဲ့လဲပြီး စောင့်ထိန်းမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးရရှိအောင် တည်ဆောက်သွားကြဖို့လိုတယ်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်တဲ့စိတ်များနဲ့ တပ်မတော်ရဲ့ကောင်းမြတ်တဲ့အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်ရဲ့ဂုဏ်ကိုမြှင့်တင်သွားကြဖို့ မှာကြားလိုတယ်။

**ဒို့တပ်မတော်ရဲ့အစဉ်အလာကောင်းတွေကို အသက်နဲ့လဲပြီး စောင့်ထိန်းမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးရရှိအောင် တည်ဆောက်သွားကြဖို့လိုတယ်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကိုအရင်းခံပြီး မွန်မြတ်တဲ့စိတ်များနဲ့ တပ်မတော်ရဲ့ကောင်းမြတ်တဲ့အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်ရဲ့ဂုဏ်ကိုမြှင့်တင်သွားကြဖို့ မှာကြားလိုတယ်။**

**ရဲဘော်တို့**

စိတ်ဓာတ်ကောင်းမွန်မှုနဲ့ စည်းကမ်းလိုက်နာမှုတို့ဟာ ဆက်စပ်နေတာကြောင့် စိတ်ဓာတ်ကောင်းရင် စည်းကမ်းလိုက်နာမှုလည်း အားကောင်းလာမှာဖြစ်တယ်။ စည်းကမ်းဆိုတာ လူ့ကျင့်ဝတ်တစ်ခုဖြစ်သလို တပ်မတော်ရဲ့ကျောရိုးနဲ့ အသက်ဝိညာဉ်လည်းဖြစ်တာကြောင့် အလေးထားလိုက်နာစောင့်ထိန်းကြဖို့ လိုအပ်တယ်။ စည်းကမ်းအမျိုးမျိုးသတ်မှတ်ထားပေမယ့် အမျိုးအစားခွဲခြားမယ်ဆိုရင် တိုက်တွန်းချက်၊ တားမြစ်ချက်များဖြစ်တဲ့ ဆောင်ရန်စည်းကမ်းနဲ့ ရှောင်ရန်စည်းကမ်းဆိုပြီး နှစ်မျိုးသာရှိတာကို တွေ့ရမယ်။ ဆောင်ရန်စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ မပျက်မကွက်လိုက်နာရမယ့်အချက်တွေဖြစ်ပြီး ရှောင်ရန်စည်းကမ်းကတော့ လုံးဝမပြုလုပ်ရန် တားမြစ်ထားတဲ့ အချက်တွေဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ ဒို့တပ်မတော်သားအားလုံးအတွက် လိုက်နာရန်တိုက်တွန်းထားတဲ့ စစ်သည်တော်ကျင့်ဝတ်အပါး(၆၀)ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာလိုက်နာသွားဖို့လိုအပ်သလို စစ်မြေပြင်စည်းကမ်းတွေ၊ လုပ်ငန်းခွင်စည်းကမ်းတွေနဲ့ နယ်တက်ဆိုင်ရာစည်းကမ်းဥပဒေတွေကိုလည်း လေးစားလိုက်နာကြရမယ်။ ရှောင်ကြဉ်ရမယ့်စည်းကမ်းတွေအနေနဲ့ တပ်မတော်အက်ဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်လို့ အဲဒီဥပဒေတွေကိုလည်း သိရှိနားလည်အောင်လေ့လာပြီး အလေးထားလိုက်နာဖို့လိုအပ်တယ်။ ဒါ့အပြင် နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ **"စစ်ပွဲဆိုင်ရာ ဥပဒေများနဲ့ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း"** တွေကိုလည်း သိရှိလိုက်နာကြရမှာဖြစ်တယ်။

**ရဲဘော်တို့**

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမယ့်ရဲဘော်တို့ဟာ ကိုယ့်လက်အောက်ငယ်သားတွေကို စည်းကမ်းလိုက်နာစေရေးကြပ်မတ်ဆောင်ရွက်ရမှာဖြစ်သလို ကိုယ်ကိုယ်တိုင်လည်း လိုက်နာစောင့်ထိန်းဖို့လိုအပ်တယ်။ အထူးသဖြင့် စည်းကမ်းအရာမှာ စံနမူနာပြ လိုက်နာစောင့်ထိန်းရမှာဖြစ်ပြီး တစ်ဦးချင်းနဲ့ အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်တဲ့ ပြုမူနေထိုင်မှုတွေကို ရှောင်ကြဉ်ကြဖို့လိုအပ်တယ်။ အသောက်အစားနဲ့ အပျော်အပါးများဟာ မိမိတို့တစ်ဦးချင်းရဲ့စွမ်းဆောင်ရည်တွေကိုသာမက မိမိတို့ရဲ့မိသားစုနဲ့ အဖွဲ့အစည်းအပေါ်ကို ထိခိုက်မှုများဖြစ်ပေါ်လာနိုင်တယ်။ ဒါကြောင့်ရဲဘော်တို့အနေနဲ့ တစ်ဦးချင်းကိုယ်စီ အသိတရား၊ ဆင်ခြင်တုံတရားများနဲ့ နေထိုင်ဖို့လိုအပ်သလို မိမိလက်အောက်ငယ်သားများကိုလည်း

စာမျက်နှာ ၁၃ သို့ ⇨

**ယနေ့ကာလမှာ ပြည်တွင်းပြည်ပအဖျက်သမားများဟာ ဆိုရှယ်မီဒီယာကို လက်နက်သဖွယ်အသုံးပြုပြီး အစိုးရနဲ့ပြည်သူ၊ ပြည်သူနဲ့တပ်မတော်သွေးကွဲအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် ထိုးနှက်တိုက်ခိုက်လျက်ရှိတယ်။ အထူးသဖြင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေတဲ့ ဒို့တပ်မတော်သားအချင်းချင်း စိတ်ဝမ်းကွဲအောင် သတင်းအတု၊ သတင်းအမှားတွေနဲ့ ထိုးနှက်တိုက်ခိုက်မှုတွေကို လုပ်ဆောင်နေတာမြင်တွေ့ကြရမှာဖြစ်တယ်။ အဲဒီလို တပ်မတော်ဖြိုခွဲရေးအတွက် ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်နေတဲ့ သတင်းအတု၊ သတင်းအမှားတွေကို နားမယောင်မိဖို့လိုသလို ရဲဘော်တို့အနေနဲ့ တာဝန်ကျရာတပ်အသီးသီးကိုရောက်ရှိသွားချိန်မှာ တပ်မတော်သားနဲ့ မိသားစုဝင်တွေ သတင်းအတု၊ သတင်းအမှားများကြောင့် ယုံကြည်ချက်၊ ခံယူချက်တွေ မယိမ်းယိုင်သွားစေဖို့နဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာအားကောင်းစေဖို့အတွက် စည်းရုံးလုပ်ဆောင်သွားကြဖို့လိုအပ်တယ်။**

⇨ စာမျက်နှာ ၁၂ မှအဆက်

ထိန်းသိမ်းကြပ်မတ်သွားဖို့လိုတယ်။ မိမိတစ်ဦးချင်းစီ၏ ပြုမူပြောဆိုနေထိုင်မှုများဟာ တပ်မတော်ရဲ့ ဂုဏ်သိက္ခာနဲ့ သက်ဆိုင်တဲ့အတွက် တစ်ဦးချင်းစီက စည်းကမ်းနဲ့အညီ နေထိုင်ပြုမူကျင့်ကြံကြရန်လိုအပ်ကြောင်း မှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်သားတွေဟာ အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နေကြရသူတွေဖြစ်တဲ့အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုရှိဖို့ကို အလေးထားလုပ်ဆောင်ကြဖို့လိုတယ်။ ကျန်းမာကြံ့ခိုင်ဖို့ကို လေ့ကျင့်ရေးနဲ့ လုပ်ယူရတာဖြစ်ပြီး တပ်တစ်တပ်ကို တည်ဆောက်တဲ့နေရာမှာ လေ့ကျင့်ရေးဟာ အရေးကြီးဆုံးလုပ်ငန်းဖြစ်တယ်။ လေ့ကျင့်ရေးနဲ့ကျန်းမာကြံ့ခိုင်မှုဟာ အပြန်အလှန်သက်ရောက်မှုရှိပြီး လေ့ကျင့်နေမှသာ ကျန်းမာကြံ့ခိုင်နေမှာဖြစ်သလို ကျန်းမာကြံ့ခိုင်နေမှလည်း လေ့ကျင့်ရေးလုပ်ငန်းတွေကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်နိုင်မှာဖြစ်တယ်။ လေ့ကျင့်ရေးလုပ်ဆောင်ခြင်းဟာ ကြံ့ခိုင်မှုနဲ့ကျွမ်းကျင်မှုရှိဖို့ဖြစ်တယ်။ ကြံ့ခိုင်မှုဆိုတာ တပ်ဖွဲ့ဝင်တစ်ဦးချင်းရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း ကျန်းမာကြံ့ခိုင်နေအောင် လေ့ကျင့်တာဖြစ်သလို ကျွမ်းကျင်မှုဆိုတာကတော့ မိမိတို့ကိုင်တွယ်အသုံးပြုနေတဲ့ လက်နက်တွေနဲ့သင်ယူလေ့လာထားတဲ့ စစ်ပညာရပ်တွေကို ကျွမ်းကျင်ဖို့လေ့ကျင့်တာဖြစ်တယ်။ အဲဒီလိုကျွမ်းကျင်မှုရှိမှ ယုံကြည်မှုရှိလာမှာဖြစ်ပြီး ယုံကြည်မှုရှိမှလည်း ကြုံတွေ့လာတဲ့အခက်အခဲတိုင်းကို ရဲဝံ့စွန့်စားစွာရင်ဆိုင်လုပ်ကိုင်နိုင်တဲ့ ရဲစွမ်းသတ္တိတွေရရှိလာမှာဖြစ်တယ်။ ဒါတွေဟာ လေ့ကျင့်မှုလုပ်ဆောင်ခြင်းမှရရှိတာဖြစ်လို့ စိတ်ပိုင်း၊ ရုပ်ပိုင်းအစဉ်ကြံ့ခိုင်မှုရှိအောင် ရဲဘော်တို့အနေနဲ့ **"ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်"**ဆိုတဲ့ တပ်မတော်ရဲ့လေ့ကျင့်ရေးမူဝါဒများနဲ့အညီ စဉ်ဆက်မပြတ်လေ့ကျင့်နေကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ အလွန်အကျည်းတန်၊ ရုပ်ဆိုးလှတဲ့ အဲဒီအချိန်က အာဏာရပါတီရဲ့ မဲမသမာမှုများကြောင့် အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး နိုင်ငံ့တာဝန်ထိန်းသိမ်းပေးနေတဲ့ တပ်မတော်ရဲ့ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ဟာ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်တယ်။ ရွေးကောက်ပွဲအကြိုလုပ်ငန်းများဖြစ်တဲ့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို အောက်တိုဘာလဆန်းမှစတင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြုလုပ်နိုင်ခဲ့တယ်။ အဲဒီလိုလုပ်ဆောင်ခဲ့တာဟာ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာပါရှိတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့အခွင့်အရေးများနစ်နာဆုံးရှုံးမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိတဲ့ အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်။ သန်းခေါင်စာရင်းက ရရှိလာမယ့် အချက်အလက်များဟာ နိုင်ငံတော်ရဲ့ လက်ရှိနဲ့အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် အသုံးဝင်မှာဖြစ်သလို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကိုလည်း အထောက်အကူပြုမှာဖြစ်တယ်။ မှန်ကန်တဲ့မဲစာရင်းများနဲ့ရွေးကောက်ပွဲကို စည်းစနစ်ကျစွာကျင်းပပြီး ရွေးကောက်ပွဲမှထွက်ပေါ်လာတဲ့အစိုးရကို နိုင်ငံတော်တာဝန်များလွှဲအပ်နိုင်ရေး ဆက်လက်လုပ်ဆောင်ရာမှာ ရဲဘော်တို့အနေနဲ့ ကျရာအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ ပြည်သူတွေနဲ့ပူးပေါင်းပြီး ခေတ်အဆက်ဆက်မှာ ပြည်တွင်းပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို နိုင်ငံတော်မှာ ကြုံတွေ့လာရမယ့် ဘေးအန္တရာယ်တွေကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူလူထုစည်းလုံးညီညွတ်မှုအားနဲ့ ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းရှိရမှာဖြစ်တယ်။ ယနေ့ကာလမှာ ပြည်တွင်းပြည်ပအဖျက်သမားများဟာ ဆိုရှယ်မီဒီယာကို လက်နက်သဖွယ်အသုံးပြုပြီး အစိုးရနဲ့ပြည်သူ၊ပြည်သူနဲ့တပ်မတော်သွေးကွဲအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် ထိုးနှက်တိုက်ခိုက်လျက်ရှိတယ်။ အထူးသဖြင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေတဲ့ ဒို့တပ်မတော်သားအချင်းချင်း စိတ်ဝမ်းကွဲအောင် သတင်းအတု၊ သတင်းအမှားတွေနဲ့ ထိုးနှက်တိုက်ခိုက်မှုတွေကို လုပ်ဆောင်နေတာမြင်တွေ့ကြရမှာဖြစ်တယ်။ အဲဒီလို တပ်မတော်ဖြိုခွဲရေးအတွက် ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်နေတဲ့ သတင်းအတု၊ သတင်းအမှားတွေကိုနားမယောင်မိဖို့ လိုသလို ရဲဘော်တို့အနေနဲ့ တာဝန်ကျရာတပ်အသီးသီးကို ရောက်ရှိသွားချိန်မှာ တပ်မတော်သားနဲ့မိသားစုဝင်တွေ သတင်းအတု၊သတင်းအမှားများကြောင့်ယုံကြည်ချက်၊ ခံယူချက်တွေ မယိမ်းယိုင်သွားစေဖို့နဲ့တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာအားကောင်းစေဖို့အတွက် စည်းရုံးလုပ်ဆောင်သွားကြဖို့လိုအပ်တယ်။ တပ်တွင်းစည်းလုံးညီညွတ်မှုရှိစေရေးအတွက် အထက်ကပေးအပ်တဲ့အမိန့်နဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ဖို့လိုသလို လက်အောက်ကိုထိတွေ့မှုများများနဲ့ဦးဆောင်ပြီး နေ့စဉ်လုပ်ဆောင်ရမယ့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကို အောင်မြင်စွာလုပ်ဆောင်သွားကြဖို့ အလေးထားမှာကြားလိုတယ်။

**တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအားကောင်းအောင် တည်ဆောက်ရမှာဖြစ်သလို တစ်ဖက်ကလည်း တပ်ပြင်စည်းရုံးရေးကို အောင်မြင်အောင်လုပ်ဆောင်သွားကြဖို့လိုအပ်တယ်။ လက်ရှိအချိန်မှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနဲ့ လူပုဂ္ဂိုလ်တချို့ဟာ တပ်မတော်အပေါ် ပြည်သူလူထုရဲ့ အထင်အမြင်တွေလွဲမှားသွားစေဖို့အတွက် ပြည်ဖျက်မီဒီယာများနဲ့ပူးပေါင်းပြီး တပ်မတော်ပုံရိပ်ကျဆင်းအောင် ပြောဆိုရေးသားနေကြတာကိုတွေ့ရတယ်။ ဒီလိုလုပ်ဆောင်ချက်တွေဟာ တပ်မတော်အပေါ်မှာသာမက တစ်မျိုးသားလုံးရဲ့စည်းလုံးညီညွတ်မှုအပေါ်မှာ ဆိုးရွားစွာထိခိုက်နိုင်တာ ရဲဘော်တို့အသိပဲဖြစ်တယ်။ ဒါကြောင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများရဲ့ ဆိုးရွားတဲ့ လုပ်ရပ်တွေအပေါ် အသိ၊ သတိနဲ့ဆင်ခြင်ပြီး စစ်မှန်တဲ့တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်သွားရမှာပဲဖြစ်တယ်။**

**ရဲဘော်တို့**

တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအားကောင်းအောင် တည်ဆောက်ရမှာဖြစ်သလို တစ်ဖက်ကလည်း တပ်ပြင်စည်းရုံးရေးကို အောင်မြင်အောင်လုပ်ဆောင်သွားကြဖို့လိုအပ်တယ်။ လက်ရှိအချိန်မှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနဲ့ လူပုဂ္ဂိုလ်တချို့ဟာ တပ်မတော်အပေါ် ပြည်သူလူထုရဲ့ အထင်အမြင်တွေလွဲမှားသွားစေဖို့အတွက် ပြည်ဖျက်မီဒီယာများနဲ့ပူးပေါင်းပြီး တပ်မတော်ပုံရိပ်ကျဆင်းအောင် ပြောဆိုရေးသားနေကြတာကိုတွေ့ရတယ်။ ဒီလို လုပ်ဆောင်ချက်တွေဟာ တပ်မတော်အပေါ်မှာသာမက တစ်မျိုးသားလုံးရဲ့စည်းလုံးညီညွတ်မှုအပေါ်မှာ ဆိုးရွားစွာထိခိုက်နိုင်တာ ရဲဘော်တို့အသိပဲဖြစ်တယ်။ ဒါကြောင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများရဲ့ ဆိုးရွားတဲ့လုပ်ရပ်တွေအပေါ် အသိ၊ သတိနဲ့ ဆင်ခြင်ပြီး စစ်မှန်တဲ့တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်သွားရမှာပဲဖြစ်တယ်။

တပ်ပြင်စည်းရုံးရေး ဆောင်ရွက်ရာမှာလည်း ရဲဘော်တို့အနေနဲ့ စစ်သည်တော်ကျင့်ဝတ်နဲ့အညီ နေထိုင်ကျင့်ကြံပြီး မိမိနယ်မြေအလိုက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်တပ်တစ်အား ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်တွေနဲ့ရင်ဆိုင်ရပါက အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းများအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကို တပ်မတော်ရဲ့ အဓိကလုပ်ငန်းတာဝန်တစ်ရပ်အဖြစ်ခံယူပြီး စစ်မှန်တဲ့ စိတ်ရင်းစေတနာနဲ့အပြည့်အဝလုပ်ဆောင်ပေးကြဖို့ အလေးအနက်ထားမှာကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့

- စစ်တက္ကသိုလ်ရဲ့ မွန်မြတ်တဲ့အစဉ်အလာ၊ ကောင်းမွန်တဲ့ ဂုဏ်သတင်းများကို ဆက်လက်စောင့်ထိန်းပြီး စစ်မြေပြင်မှာ မှတ်ကျောက်တင်ခံနိုင်မယ့် စစ်သားကောင်းများဖြစ်အောင် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်သွားကြပါ။
- ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆) ရပ်နဲ့အညီ ပြုမူကျင့်ကြံပြီး မိမိတို့ရဲ့ခေါင်းဆောင်မှုအရည်အသွေးများကို အစဉ်တိုးတက်နေအောင် ကြိုးပမ်းတည်ဆောက်သွားကြပါ။
- မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကိုအရင်းခံပြီး မွန်မြတ်တဲ့စိတ်များနဲ့ တပ်မတော်ရဲ့ကောင်းမြတ်တဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်ရဲ့ဂုဏ်ကို မြှင့်တင်သွားကြပါ။
- နိုင်ငံတော်ကာကွယ်ရေးအတွက် တိုက်ပွဲဝင်အသင့်ရှိစေဖို့ **"ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်"** ဆိုတဲ့ တပ်မတော်ရဲ့လေ့ကျင့်ရေးမူဝါဒများနဲ့အညီ လေ့ကျင့်မှုတွေစဉ်ဆက်မပြတ်ဆောင်ရွက်သွားကြပါ။
- တပ်မတော်ရဲ့ ရည်မှန်းချက်တာဝန်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ကျရာတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်တဲ့ **"နောင်တစ်ခေတ်၏ အောင်စစ်သည်"** များဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။

# နိုင်ငံတော်နှင့်တပ်မတော်အတွက် အားသစ်လောင်းကြမည့် နောင်တစ်ခေတ်၏အောင်စစ်သည်တို့၏စကားသံများ

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) ဗိုလ်လောင်းသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ရှိ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ကျင်းပရာ အဆိုပါသင်တန်းဆင်းပွဲတွင် နည်းပြအရာရှိချုပ်နှင့် နောင်တစ်ခေတ်၏အောင်စစ်သည်တို့၏စကားသံများကို ဖော်ပြလိုက်ရပါတယ်-**

**ဒုတိယဗိုလ်မှူးကြီးစိုင်းရဲမြတ်လင်း**
**(ခေတ္တနည်းပြအရာရှိချုပ်)**



ကျွန်တော်တို့ စစ်တက္ကသိုလ်ကို ရောက်ရှိလာတဲ့ ဗိုလ်လောင်းတွေကို ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မယ့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်တဲ့လက်ရုံးရည်နဲ့နှလုံးရည်ပြည့်ဝတဲ့ အရာရှိကောင်းများ မွေးထုတ်ပေးရန်ဆိုတဲ့ စစ်တက္ကသိုလ်ရဲ့ ရည်ရွယ်ချက်နဲ့အညီ ပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။ အဲဒီရည်ရွယ်ချက်ပြည့်ဝစေဖို့ စစ်ပညာနဲ့ စာပေပညာတွေကို ခေတ်နဲ့အညီ လိုက်လျောညီထွေဖြစ်အောင်ကြိုးကြပ်ပြီး လေ့လာ လေ့ကျင့် လိုက်နာစေပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားကိုးအားထားရတဲ့ သူရသတ္တိ၊ ရဲစွမ်းသတ္တိပြည့်စုံစေဖို့၊ အတွေးအခေါ် အမြော်အမြင်ရှိစေဖို့အတွက် အသိပညာပိုင်း၊ စည်းကမ်းပိုင်း၊ အကျင့်စာရိတ္တနဲ့စိတ်ဓာတ်ခံယူချက်အပိုင်းများကို လေးနှစ်တာကာလအတွင်းမှာ သင်ကြားလေ့ကျင့်ပေးလျက်ရှိပါတယ်။ ခေါင်းဆောင်မှုပညာရပ်အပါအဝင် စစ်ပညာဆိုင်ရာဘာသာရပ်၊ အခြားဘာသာရပ်များဖြစ်တဲ့ အုပ်ချုပ်မှုဘာသာရပ်များကိုလည်း စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိပါတယ်။ ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်ဆိုတဲ့ လေ့ကျင့်ရေးမူဝါဒနဲ့အညီ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

စည်းကမ်းထိန်းသိမ်းမှုအပိုင်းအနေနဲ့ နောင်တစ်ခေတ်ရဲ့အောင်စစ်သည်တွေဖြစ်လာမယ့် ဗိုလ်လောင်းတွေကို စစ်တက္ကသိုလ်က ထုတ်ပြန်ထားတဲ့ ပဋိညာဉ်စာတမ်းပါ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းတွေနဲ့အညီ စာတွေ့လက်တွေ့သင်ကြားလေ့ကျင့်ပေးခြင်းတွေကို လေ့ကျင့်ရေးဌာနက နည်းပြအရာရှိတွေနဲ့ နည်းပြဆရာတွေက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အုပ်ချုပ်မှုအပိုင်းအနေနဲ့ ဗိုလ်လောင်းတွေကို အထက်အောက်ရိုသေလေးစားမှုရှိအောင် စီနီယာ၊ ဂျူနီယာစနစ်နဲ့ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲအုပ်ချုပ်တတ်စေဖို့ လေ့ကျင့်ပေးပါတယ်။ ဒါ့အပြင် ညီရင်းအစ်ကိုသဖွယ်ကြည့်ရှုစောင့်ရှောက်ထိန်းသိမ်းနိုင်စေဖို့ ဂါဒီယမ်စနစ်တွေနဲ့လည်း ကြပ်မတ်ကွပ်ကဲအုပ်ချုပ်စေလျက်ရှိပါတယ်။ ဗိုလ်လောင်းတွေကို တပ်မတော်သားဘဝကို နှစ်သက်မြတ်နိုးပြီး နိုင်ငံတော်နဲ့တပ်မတော်အပေါ် သစ္စာစောင့်သိတဲ့ အရာရှိကောင်းတွေဖြစ်စေဖို့ စနစ်တကျပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။ ဒီနေ့မှာ ကျောင်းဆင်းသွားပြီး နိုင်ငံတော်နဲ့တပ်မတော်အတွက် အားသစ်လောင်းမယ့် အရာရှိတွေကို မွေးထုတ်ပေးနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပီတိဖြစ်မိပါတယ်၊ ကျောင်းဆင်းပြီးသက်ဆိုင်ရာ တာဝန်အသီးသီးကို ထမ်းဆောင်ရမယ့် အရာရှိငယ်တွေကို မှာကြားလိုတာကတော့အမိစစ်တက္ကသိုလ်က လေးနှစ်တာလေ့ကျင့်သင်ကြားပေးခဲ့တဲ့ပညာရပ်တွေကို မမေ့မလျော့ဘဲ လက်တွေ့နယ်ပယ်မှာ အကျိုးရှိရှိ မှန်ကန်စွာအသုံးချကြပါ။ တာဝန်ထမ်းဆောင်တဲ့အခါမှာ အထက်က ပေးအပ်တဲ့အမိန့်နဲ့ တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ပြီး နိုင်ငံတော်ရဲ့ဂုဏ်၊ တပ်မတော်ရဲ့ဂုဏ်၊ အမိစစ်တက္ကသိုလ်ရဲ့ဂုဏ်ကို မြှင့်တင်နိုင်အောင်ကြိုးစားကြပါ။ နိုင်ငံတော်နဲ့ တပ်မတော်အပေါ် သစ္စာစောင့်သိပြီး အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့အရာရှိကောင်းတွေ၊ ခေါင်းဆောင်ကောင်းတွေဖြစ်အောင် ဆက်လက်ကြိုးစားကြပါလို့မှာကြားလိုပါတယ်။

**ဗိုလ်လောင်းထက်အာကာ**
**အောင်စစ်သည်ဆု**



ကျွန်တော်ရရှိခဲ့တာကတော့ အောင်စစ်သည်ဆုဖြစ်ပါတယ်။ ဒီဆုကိုရရှိဖို့အတွက်လေးနှစ်တာကာလအတွင်း စာပေပညာ၊ စစ်ပညာများကို အကောင်းဆုံးကြိုးစားသင်ယူခဲ့ပြီး စီနီယာဗိုလ်လောင်းများ၊ နည်းပြအရာရှိများ၏လမ်းညွှန်ဆုံးမမှုများကိုလည်း သေချာစွာလိုက်နာဆောင်ရွက်ကြိုးစားခဲ့ပါတယ်။ အခုလို အောင်စစ်သည်ဆု ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာကြည်နူးကြောင်းနဲ့ကျွန်တော့်ရဲ့ မိဘဆွေမျိုးသားချင်းများအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

**ဗိုလ်လောင်းသီဟစိုး**
**လေ့ကျင့်ရေးထူးချွန်ဆု**



ကျွန်တော်ရရှိခဲ့တာကတော့ လေ့ကျင့်ရေးထူးချွန်ဆုဖြစ်ပါတယ်။ လေ့ကျင့်ရေးထူးချွန်ဆုရရှိဖို့အတွက် လေးနှစ်တာကာလအတွင်း စစ်ပညာသင်ခန်းစာများနဲ့စီနီယာဗိုလ်လောင်းများ၊ နည်းပြအရာရှိများ၏ လမ်းညွှန်ဆုံးမမှုများကိုလည်း သေချာစွာ လိုက်နာဆောင်ရွက်ကြိုးစားခဲ့ပါတယ်။ ထူးချွန်ဆုရရှိခဲ့တဲ့အတွက် ကျွန်တော့်ရဲ့မိဘများ၊ ဆွေမျိုးသားချင်းများ၊စီနီယာ၊ဂျူနီယာဗိုလ်လောင်းများနဲ့ နည်းပြအရာရှိများအတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ညီငယ်ဗိုလ်လောင်းများအနေနဲ့ အမိစစ်တက္ကသိုလ်မှ သင်ကြားပေးတဲ့ စာပေပညာ၊ စစ်ပညာများကို အကောင်းဆုံးဖြစ်အောင် သင်ကြားလေ့ကျင့်ရင်း စီနီယာဗိုလ်လောင်းများနဲ့ နည်းပြအရာရှိများ၏လမ်းညွှန်ပြသမှုများကိုလည်း လေးစားလိုက်နာပြီး ကြိုးစားနေထိုင်သွားကြပါလို့ ပြောကြားလိုပါတယ်။

**ဗိုလ်လောင်းရဲထက်**
**စာပေထူးချွန်ဆု(သိပ္ပံ)**



ကျွန်တော်ရရှိခဲ့တဲ့ဆုကတော့ စာပေထူးချွန်(သိပ္ပံ)ဆုပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်တက္ကသိုလ်မှ သင်ကြားပေးတဲ့ဘာသာရပ်အားလုံးကို စိတ်ဝင်စားမှုရှိပြီး ကျွန်တော်စိတ်အဝင်စားဆုံးဘာသာရပ်ကတော့ ခေါင်းဆောင်မှုဘာသာရပ်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကြိုးစားမှုကြောင့် အခုလို ထူးချွန်ဆုရရှိခဲ့တဲ့အတွက် ကျွန်တော့်ရဲ့မိဘများ၊ ညီအစ်ကိုမောင်နှမများအတွက် ဝမ်းသာပီတိဖြစ်မိသလို အနာဂတ်မှာလည်း နိုင်ငံတော်၊ တပ်မတော်နဲ့ ပြည်သူလူထုက အားကိုးအားထားပြုရတဲ့အရာရှိကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေထိုင်သွားပါမယ်။

**ဗိုလ်လောင်းဇော်ဖြိုးအောင်**
**စာပေထူးချွန်ဆု(ကွန်ပျူတာ)**

ကျွန်တော်ရရှိခဲ့တာကတော့ စာပေထူးချွန် (ကွန်ပျူတာ) ဆုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေးနှစ်တာကာလအတွင်း နေ့စဉ်သင်ကြားပေးတဲ့ စာပေပညာရပ်များကို တစ်နေ့စာတစ်နေ့ လေ့လာသင်ယူပြီး အကောင်းဆုံးကြိုးစား



သင်ယူခဲ့ရပါတယ်။ ဒီဆုကိုရရှိခဲ့တဲ့အတွက် ကျွန်တော့်ရဲ့မိဘများ၊ နည်းပြအရာရှိများ၊ စီနီယာ၊ ဂျူနီယာဗိုလ်လောင်းများအတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

**ဗိုလ်လောင်းနေသုခ**
**စာပေထူးချွန်ဆု(ဝိဇ္ဇာ)**



ကျွန်တော်ရရှိခဲ့တဲ့ ဆုကတော့ စာပေထူးချွန် (ဝိဇ္ဇာ)ဆုဖြစ်ပါတယ်။ စာပေထူးချွန်ဆုရရှိဖို့အတွက် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ စာတွေ့လက်တွေ့ သင်ခန်းစာတွေကို နည်းပြအရာရှိ၊ ဆရာ၊ ဆရာမများရဲ့ သင်ကြားမှုအတိုင်း နေ့စဉ်ပုံမှန်လေ့လာကျက်မှတ်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ကိုယ်ပိုင် အားလပ်ချိန်တွေမှာလည်း စာတွေကို သေချာပြန်လည်ကျက်မှတ်ခဲ့ခြင်းကြောင့် ဒီဆုကိုရရှိခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နဲ့ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ချင်တဲ့စိတ်နဲ့ စစ်တက္ကသိုလ်ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်၊ ကျွန်တော်ဒီဆုကိုရရှိခဲ့တဲ့အတွက် အတိုင်း မသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ ။

**တွေ့ဆုံမေးမြန်း - ဖိုးနိုင်**
**ဓာတ်ပုံ - နိုင်ထွန်း**

# စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ သပြေတန်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနှင့်တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ သပြေတန်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် သပြေတန်းကျေးရွာ၌ ကျေးလက်ရေရရှိရေး အကျယ်လေးလက်မ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၅၀၄ သန်းဖြင့် Linn Latt Paing ကုမ္ပဏီက ဩဂုတ်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သူသူ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံတော်နှင့်တပ်မတော်ကအားထားရပြီး လက်အောက်ကအားကိုးရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်း။

ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ ကျေးဇူးများ၊ အသိပညာများရရှိစေရေး သင်ကြားပေးခဲ့သည့် ဆရာ၊ ဆရာမများ၏ ကျေးဇူးများကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ဗိုလ်လောင်းသင်တန်းလေးနှစ်တာကာလအတွင်း တပ်မတော်၏ခေါင်းဆောင်ငယ်များဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့်အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်းမမေ့ရန်လိုကြောင်း၊ မိဘများ၏စကားကို နားထောင်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေးစောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကို ဆပ်ခြင်းပင်ဖြစ်သကဲ့သို့ မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်း တစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း။

တာဝန်ထမ်းဆောင်ရာတွင်လည်း စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့် နောင်တော်ကျောင်းဆင်းအရာရှိများ၊ စစ်သည်များထံမှလည်း ကောင်းမွန်သည့် အတွေ့အကြုံကောင်းများကို လက်ဆင့်ကမ်းသင်ယူကြရန်လိုကြောင်း၊ တပ်မတော်သားများသည်ပြည်သူကြားမှပေါက်ဖွားလာခြင်းဖြစ်ပြီး တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော် အပေါ် သစ္စာစောင့်သိ၍ ပေးအပ်သည့်တာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်**လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့်တပ်မတော်အကျိုးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင် ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာ ပေးအပ်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၆

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၆) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့်စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက်စစ်ရာထူးခန့်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရုရှား-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်




နေပြည်တော် ဒီဇင်ဘာ ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငွေဆောင်ကမ်းခြေ၌ လေ့လာလည်ပတ် အပန်းဖြေကြပြီး ချစ်သူများကျွန်းသို့သွားရောက်ကာ ကျွန်း၏သဘာဝအလှအပများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ငွေဆောင်မြို့အဝင်၌ ပြုလုပ်သည့် ရုရှား-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ဒေသထွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ပုသိမ်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

(သတင်းစဉ်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

★ **ရှေ့ဖုံးမှအဆက်**

စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင် တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၉၈၈၊ ဗိုလ်လောင်းထက်အာကာ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၈၅၃၊ ဗိုလ်လောင်းသီဟစိုး၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၀၀၁၊ ဗိုလ်လောင်းနေသုခ၊ စာပေထူးချွန်ဆု(သိပ္ပံ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၁၂၆၊ ဗိုလ်လောင်းရဲထက်၊ စာပေထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၉၄၀၊ ဗိုလ်လောင်းဇော်ဖြိုးအောင်တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းအပြည့်အစုံအား စာမျက်နှာ (၁၂) တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့တက်ရောက်စဉ်။



စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များကို တွေ့ရစဉ်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ်၊ ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ၅ ဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သင်တန်းတက်ရောက်ရသည့် ၄ နှစ်တာကာလတစ်လျှောက်လုံး စာပေကဏ္ဍ၊ လေ့ကျင့်ရေးကဏ္ဍတို့တွင် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြခြင်းဖြစ်သဖြင့် ချီးကျူးအသိအမှတ်ပြုကြောင်းနှင့် မိဘများနှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၉၈၈ ဗိုလ်လောင်းထက်အာကာအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၈၅၃ ဗိုလ်လောင်းသီဟစိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆ဝဝ၁ ဗိုလ်လောင်းနေသုခအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ စာပေထူးချွန်ဆု(သိပ္ပံ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၁၂၆ ဗိုလ်လောင်းရဲထက်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ စာပေထူးချွန်ဆု(ကွန်ပျူတာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၉၄၀ ဗိုလ်လောင်းဇော်ဖြိုးအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

| HSD (500 ppm) | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | - | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၅၀ | ၂၇၃၅ | ၂၇၅၀ | ၃၁၅၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | ၄၈၃၀ | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |
| HSD (10 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | - | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၆ | ၂၉၉၇ |
| 95 Ron | ၃၀၁၆ | ၃၁၁၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၄ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## တရုတ်နိုင်ငံထုတ်လျှပ်စစ်သုံးမော်တော်ယာဉ်များ ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar New Energy Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HYCAN Z03 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Auto Top Power Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG NAMMI 01 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Great Motor Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် JMC JMEV EV EASY အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁ သိန်းနှင့် ဘိန်းဖြူ ၄၄၀ ဂရမ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၂၂ ရက်နေ့ နံနက် ၆ နာရီခွဲအချိန် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ၁၀၁ လမ်းနှင့်မြို့ပတ်လမ်းထောင့်တွင် ကျော်သူလွင်(ခ)မွန်ချေး မောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်ကို သတင်းအရရှာဖွေရာစိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ပြား စတင်ဖမ်းဆီးရမိခဲ့ပြီး ၎င်းငှားရမ်းနေထိုင်သည့် ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ(၁)ရပ်ကွက်ရှိ နေအိမ်၌ သိုဝှက်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀ ဒသမ ၄ သိန်းအားလည်းကောင်း၊ မန္တလေးမြို့၊ ၃၅ လမ်းနှင့် ၅၄ လမ်းထောင့်ရှိ ဟိုတယ်အခန်းတွင် ရောင်းချရန်အသင့်ထားရှိသည့် ဘိန်းဖြူ ၄၄၀ ဂရမ်အားလည်းကောင်း အသီးသီးဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁ သိန်း၊ ဘိန်းဖြူ ၄၄၀ ဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့မွန်းလွဲ ၁ နာရီအချိန် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင်ပူးပေါင်းပါဝင်သူအောင်ဆိုင်မင်း(ခ)ဖိုးလုံးအား CRV မော်တော်ယာဉ် ၁ စီးနှင့်အတူ မန္တလေးမြို့၊ ၅၁ လမ်း၊ ၁၂၃ x ၁၂၄ လမ်းကြား၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့်မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉˚c | / | ၃၂˚c |
| ရန်ကုန် | ၂၁˚c | / | ၃၄˚c |
| မန္တလေး | ၁၉˚c | / | ၃၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဒီဇင်ဘာ ၆

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ ဒီဇင်ဘာလ ၇ ရက်နေ့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (သီရိလင်္ကာကမ်းလွန်-အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူးကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရပါသည်။

(မိုး/ဇလ)

# မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




**အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်**

ရန်ကုန်၊ကျောက်တံခါး၊ပဲခူး၊ကိုကန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါးဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။၉၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



လုံခြုံလျှို့ဝှက်
ဆောင်ရွက်မြန်မှန်
မြဝတီဘဏ်

- Account Transfer
- Mobile Topup (Phone Bill)
- Remittance
- Cardless ATM Withdrawl
- Credit Card Payment
- Tax Payment



24 ~ (01) 2301421, 2317166 Phone No : (01) 2301367, 2301368, 2301452, 2301378

**ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်**

**INNWA BANK LIMITED**

အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအားလွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။







- စာရင်းရှင်အပ်ငွေစာရင်း
- ဘဏ်အာမခံလုပ်ငန်း
- ချေးငွေများထုတ်ချေးခြင်း
- အချိန်ပိုင်းအပ်ငွေစာရင်း
- နိုင်ငံခြားဘဏ်လုပ်ငန်း
- ငွေပေးအမိန့်လွှာလုပ်ငန်း
- ပြည်တွင်းငွေလွှဲလုပ်ငန်း
- ငွေစုဘဏ်အပ်ငွေစာရင်း
- အပ်ငွေစာရင်းချိတ်ဆက်ခြင်း

အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂

အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂

အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

# မသန်စွမ်းအားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှုကိုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များကြည့်ရှုအားပေးပြီးဆုများပေးအပ်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခြဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်နှင့်တာဝန်ရှိသူများ မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘော ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကိုကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လယ်ဝေး TC-2 အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များတက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခြဲဘူ၊ ပိုးရယ်အောင်သိန်းနှင့် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဦးမြင့်နောင်နှင့် ဦးမင်းသိန်းဇံ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့သည် လယ်ဝေး TC-2 အားကစားကွင်း ဘော်လီဘောရုံ၌ မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို လယ်ဝေး TC-2 အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက အမျိုးသမီးသံပြားပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံက အမျိုးသားသံလုံးပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အမျိုးသားအလျားခုန် T46/47 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခြဲဘူ အမျိုးသားလုံ့တံပစ် F 46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အမျိုးသမီးအလျားခုန် T 44/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားသံပြားပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့်မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး သံလုံးပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အမျိုးသား မီတာ ၄၀၀ T 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့်ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသမီးအလျားခုန် T 44/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင်က အမျိုးသားသံပြားပစ် F 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခြဲဘူက အမျိုးသားလုံ့တံပစ် F 46 ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ မသန်စွမ်းရေကူး(အမျိုးသား/အမျိုးသမီး) မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ လိပ်ပြာကူးနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲတို့၏ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ယှဉ်ပြိုင်ကစားကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများတက်ရောက်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် အမျိုးသားသံပြားပစ် F 46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

ပြိုင်ပွဲယှဉ်ပြိုင်မှုများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက မသန်စွမ်းရေကူးအမျိုးသား S 9/10 မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အမျိုးသား S 6/7 မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား S 9/10 မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဌေးလှိုင်က အမျိုးသား S 4/5 မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့်

**စာမျက်နှာ ၂၉ သို့** ●

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**"ကျွန်တော် ရန်ကုန်သို့ရောက်လာချိန်တွင် ပထမဆုံး အရေးတကြီးဆောင်ရွက်ရသည့်ကိစ္စမှာ ပညာရေးကိစ္စ ကျောင်းသွား ကျောင်းပြန်အလုပ်ပင်ဖြစ်သည်။ ဒုတိယ ကတော့ ကျွန်တော့်အသိအိမ်မှာ ဂဟေစွဲသို့မြဲနေသော စာပေလှုပ်ရှားမှု ပင်မရေစီးကြောင်းပင်ဖြစ်သည် . . ."**

**ယမန်နေ့မှအဆက်**

ယခင်က ဆရာကြီးအနေဖြင့် ကျောင်းအတွက် လိုအပ်ချက်များကို ပြုပြင်ရန် လွန်စွာကြိုးစားခဲ့ပါကြောင်း၊ သို့သော် ပင်စင်နားနီးနေချိန်မျိုးတွင် စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာများမှာ အစစအရာရာ ချို့ယွင်းချက်များရှိလာခဲ့မှုကြောင့် စိတ်သွားတိုင်း ကိုယ်မပါတော့ကြောင်းကို လက်ထောက်ဆရာများက ပြောပြကြသည်။ ဆရာကြီး၏အခြေအနေကို ကိုယ်ချင်းစာစိတ်နှင့် ကျွန်တော်နားလည်မိပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုဆောင်ရွက်ရန် ပခုံးပြောင်းတာဝန် ကျွန်တော်၏အပေါ် ကျရောက်ခဲ့ပြီဟုသာ ခံယူလိုက်ပါ၏။ မည်သည့်ကျောင်းအုပ်မဆို ကိုယ်တာဝန်ကျသောကျောင်းကို တိုးတက်စေချင်သည်၊ အောင်မြင်စေချင်သည်မှာ ကျောင်းအုပ်တိုင်း၏ မရိုးနိုင်သော ဆန္ဒသဘောထားပင်ဖြစ်သည်။ အခြေအနေမပေး၍သာ အားမတန် မာန်လျှော့၍နေခြင်းသာပဲ ဖြစ်ပေလိမ့်မည်။ ကိုယ့်ကျောင်းကို မတိုးတက်စေချင်သော ကျောင်းအုပ်ဟူ၍ ရှိလိမ့်မည်မဟုတ်ပါ။ ယခုလည်း အ.မ.က (၂၃) ဒဂုံ(တောင်) ကျောင်းအုပ်ဆရာကြီး အငြိမ်းစားယူခါနီးတွင် မိမိကျောင်းကို လိုအပ်ချက်မရှိ ပြုပြင်ပြီးမှ ထွက်ခွာသွားချင်စိတ် ဧကန်ရှိပေလိမ့်မည်။ သို့သော် မည်သို့မျှမဖြစ်နိုင်၍ ဖြည့်စွက်ရန် ကွက်လပ်များကျန်ခဲ့သည်ဟု အသိရင်ဘတ်နှင့် ကျွန်တော်စဉ်းစားမိပေသည်။

နောက်တစ်ခု ကျွန်တော်ထပ်ဆင့်တွေ့လာရသည်မှာ သင်ကြားရေးစနစ်ပင်ဖြစ်သည်။ ဆရာ၊ ဆရာမများ၏ပြောပြချက်အရ သူတို့ကျောင်း၏ သင်ကြားရေးစနစ်မှာ ရင်ခွင်ပိုက်စနစ်ဟုပြောပါ၏။ သူတို့အပြောအရ (Rotic) ဟု သိရသည်။ သူငယ်တန်းကို စာသင်ပြသောဆရာမသည် နှစ်ကုန်၍ အတန်းတင်ပေးသောအခါ အတန်းပိုင်ဆရာမပါ ကလေးများနှင့်အတူ ပထမတန်းသို့လိုက်ပါရသည်။ ကလေးများ ဒုတိယတန်းသို့ ရောက်လျှင် ဆရာမလည်း ဒုတိယတန်းဆရာမဖြစ်တော့သည်။ ကျောင်းသားတတိယတန်းဆို ဆရာမလည်း တတိယတန်းဆရာမ၊ ကျောင်းသားတွေ စတုတ္ထတန်းဆို ဆရာမလည်း စတုတ္ထတန်းဆရာမဖြစ်ပေသည်။ အတန်းလည်းအတူတူ၊ အခန်းလည်းအတူတူပင် ဖြစ်ပေသည်။ (A) ခန်း၊ (B) ခန်း၊ (C) ခန်း ပြောင်းလဲမှုမရှိပေ။ ကျောင်းသားနှင့်ဆရာမမှာ ဂဟေစွဲသို့ မြဲနေခြင်းပင်ဖြစ်ပေသည်။

ဤတွင် အဓိကဖြစ်လာသည့်ပြဿနာမှာ ကျောင်းသားသည် အသက်ငါးနှစ်အရွယ် သူငယ်တန်းကပင် အတန်းပိုင်ဆရာမ ရင်ခွင်ထဲရောက်သွားပြီး စတုတ္ထတန်းအထိ တောက်လျှောက်ပဲ အဆိုပါဆရာမရင်ခွင်ထဲမှာပဲ ရှိနေပေတော့သည်။ ဤတွင် ကျောင်းသားအနေဖြင့် တစ်ကျောင်းလုံးရှိ ဆရာ၊ ဆရာမများအနက် မိမိ၏ ရင်ခွင်ပိုက်ဆရာမတစ်ဦးကိုသာ ကိုယ့်ဆရာဟူ၍ သဘောထားပြီး တခြားဆရာ၊ ဆရာမများကို မိမိနှင့်သက်ဆိုင်သော ဆရာ၊ ဆရာမဟူ၍ သဘောမထားတော့ချေ။ မိဘများအနေဖြင့်လည်း မိမိ၏သားသမီးများ စာတော်ရေး၊ အဆင့်ကောင်းရရေးမှာ ကိုယ့်သားသမီး၏ အတန်းပိုင်ဆရာမသာ ပဓာနဟု ခံယူထားကြသည်။ ပြောရလျှင် ဆရာ၊ မိဘ ကွာဟမှုဖြစ်စေပြီး ကျောင်းအခြေအနေကိုပါ ထိခိုက်စေသည်။ အမှန်က ကျောင်းသားတစ်ယောက် ကျောင်းရင်ခွင်သို့ ခိုလှုံလာလျှင် ကျောင်းရှိ ဆရာ၊ ဆရာမအားလုံးသည် ကိုယ့်ဆရာမဖြစ်နေရမည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသို့ တာဝန်ထမ်းဆောင်ရန် ရောက်လာလျှင် ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူအားလုံးသည် ကိုယ့်တပည့် ကိုယ့်သားသမီးများဖြစ်နေကြရပေမည်။

ကျွန်တော်သည် (၆.၈.၂၀၀၃)နေ့တွင် အလုပ်ဝင်ရသဖြင့် ဆရာ၊ ဆရာမများ အတန်းခွဲဝေထားကြပြီးဖြစ်၍ ကျွန်တော် မည်သို့မျှလုပ်၍ မသင့်တော်တော့ချေ။

ကျွန်တော်တို့မိသားစု ရန်ကုန်သို့ရောက်လာကြချိန်တွင် ဗဟန်းမြို့နယ် ဆရာစံ (တောင်) စံပြရပ်ကွက် ရတနာလမ်း၌ နေထိုင်ခဲ့ကြသည်။ ဆရာစံ (တောင်) ရပ်ကွက်မှာ ယခင်ဂွတ္တာလစ်ရပ်ကွက်ဟူ၍ သိရပါသည်။ ကျိုက္ကဆံရပ်ကွက်နှင့်ဆို ရတနာလမ်း ဟိုဘက်ဒီဘက်ပင်ဖြစ်သည်။

ကျွန်တော် ရန်ကုန်သို့ရောက်လာချိန်တွင် ပထမဆုံး အရေးတကြီး ဆောင်ရွက်ရသည့်ကိစ္စမှာ ပညာရေးကိစ္စ ကျောင်းသွားကျောင်းပြန်အလုပ်ပင်ဖြစ်သည်။ ဒုတိယကတော့ ကျွန်တော့်အသိအိမ်မှာ ဂဟေစွဲသို့မြဲနေသော စာပေလှုပ်ရှားမှု ပင်မရေစီးကြောင်းပင်ဖြစ်သည်။ ကျွန်တော် ရခိုင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်ခဲ့စဉ်တုန်းကပင် ပညာရေးလုပ်ငန်းဆောင်ရွက်မှုတည်ဆောက်နေချိန်ကာလ အားလပ်ချိန်အခိုက်အတန့်များတွင် တေးမှတ်ရေးစပ်ယူလာခဲ့သော ဝတ္ထု၊ ကဗျာ စသည်တို့သည် အုံနှင့်ကျင်းနှင့်ပါလာကြ၏။ ဤသည်များကို စာမူနှင့်လိုက်ဖက်သင့်တော်သော မဂ္ဂဇင်း၊ ဂျာနယ်များသို့ ပို့လိုသောဆန္ဒသည် အာသာပြင်းပြင်းဖြစ်ချေ၏။ သို့အတွက် ဝတ္ထု၊ ကဗျာများကို အသေချာဆုံး၊ အဆင်ပြေဆုံးဖြစ်အောင်ပြင်ပြီး စာအိတ်အသီးသီးသို့ထည့်ကာ ပို့လိုသည့် မဂ္ဂဇင်း၊ ဂျာနယ်များ၏လိပ်စာကို ရေးမှတ်လိုက်၏။ သို့သော် ကျွန်တော့်မှာ ရန်ကုန်မြို့ကြီးသို့ ရောက်နေခဲ့သော်လည်း မည်သည့်မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက်ခန်းမှ မသွားဖူးသေး၊ မရောက်ဖူးသေးဟု ဆိုရပေမည်။ ရှင်းရှင်းပြောရလျှင် စာအိတ်အသီးသီးမှာ မှတ်ယူထားသော စာပေတိုက်များသို့ ကျွန်တော်မသွားတတ်ပေ။ အကယ်၍ သွားတတ်လာတတ်သည် ဆိုချေဦးတော့ ဤမျှများပြားသောစာအိတ်တစ်ထပ်ကြီးကို တစ်တိုက်ဝင်၊ တစ်တိုက်ထွက် သွားပို့ဖို့ဆိုသည်မှာ မလွယ်ကူပေ။ သို့ဖြစ်၍ စာတိုက်မှတစ်ဆင့်ပို့ရန် စီစဉ်လိုက်တော့သည်။ သို့နှင့် တူတော်မောင်တင်မြင့်ဦး (ယခု ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ဆေးရုံအုပ်ကြီး) ကို အကူအညီတောင်းလိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**



မသန်စွမ်းအမျိုးသား/အမျိုးသမီး မျက်မမြင်စစ်တုရင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



မသန်စွမ်းအမျိုးသားသံပြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



မသန်စွမ်းအမျိုးသားအလျားခုန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။

**● စာမျက်နှာ ၂၈ မှအဆက်**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား S6/7 မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမျိုးသမီးညွန့်ပေါင်း S6/10 မီတာ ၅၀ ရင်ပေါ်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား S4/5 မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ အမျိုးသား/အမျိုးသမီး မျက်မမြင် B1၊B2 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို လယ်ဝေး TC-2 အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက အမျိုးသားမျက်မမြင် B1 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အမျိုးသမီးမျက်မမြင် B1 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အမျိုးသားမျက်မမြင် B2 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက အမျိုးသမီးမျက်မမြင် B2 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲမှ အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတတိယလုပွဲ ပွဲစဉ်အဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းနှင့်မန္တလေးတိုင်းဒေသကြီးအသင်းတို့ကလည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ကလည်းကောင်း ဒီဇင်ဘာလ ၈ ရက်တွင် လယ်ဝေး TC-2 အားကစားကွင်းဘော်လီဘောရုံ၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သဖြင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုများကိုမည်သူမဆိုလာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေ သူတစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာ များပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၃၀၀ အားပေးအပ်လှူဒါန်းရာ ဆေးရုံတာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့နယ်ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နှင့် ကလေးမြို့တို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်နေမှုအခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# မိုးဗြဲမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ၁ ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးဗြဲမြို့နယ်ရှိ တိုက်ပွဲရှောင်စခန်းတစ်ခုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦးသေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးအား ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိုးဗြဲမြို့နယ်အတွင်း ပြည်သူများအေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက်လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့်ရပ်ကွက်/ကျေးရွာများသို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အားထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်/ကျေးရွာများအား အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများ၊ ဒရုန်းများအသုံးပြု၍ နှောင့်ယှက်ပစ်ခတ်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်သည် အကြမ်းဖက်သမားများ၏ လုပ်ရပ်အပေါ် ဖုံးကွယ်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် အကြမ်းဖက်အားပေးပြည်ဖျက်




မီဒီယာများက သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေး အတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




## မွေးသက္ကရာဇ်အမှန်

လယ်ဝေးမြို့၊ အ.ထ.က(၃)၊ သပြေပင်၊ Grade-11 မှ ပညာသင်ကြားနေသော အဘ ဦးစိန်တိုးနိုင်၏သမီး မခင်မီမီကျော်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၃-၂၀၀၈ ဖြစ်ပါကြောင်း။ ၁၀-၃-၂၀၀၈

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ မအိအိငြိမ်း(ဘ)ဦးထွန်းကြည်၅/ကနန(နိုင်)၁၄၈၅၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 565426)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၀၂၀၅၀၆

## ပျောက်ဆုံးကြောင်း

ဒေါ်နေနေနိုင်ရည်(ဘ)ဦးခင်မောင်ရီ ၁၄/ကခန(နိုင်)၀၂၁၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 775197)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၉၂၂၇၀၀

## အမည်မှန်

(ဘ)ဦးထွန်းလင်းကျော် ၁၀/ဘလန(နိုင်)၁၅၀၅၇၂ ၏သမီး၊ ဘီးလင်းမြို့၊ အမက(လေသာ)ကျောင်း၊ Grade-5 မှ မငွေမှုန်ရတီ၏အမည်မှန်မှာ မငွေမှုံရတီဖြစ်ပါကြောင်း။

မငွေမှုံရတီ

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## လေလံခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ကော်မတီနယ်နိမိတ်(၆)မြို့နယ်အတွင်း လမ်းလုပ်ငန်းများတွင် အသုံးပြုပြီးသော ကတ္တရာပုံးခွံ(၁၂၇၈၅)ပုံးအား လေလံတင်ရောင်းချသွားမည်ဖြစ်ပါသဖြင့် အောက်ပါအတိုင်း လေလံတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၉-၁၂-၂၀၂၄)

(ခ) လေလံရောင်းချခြင်း ပိတ်သိမ်းမည့်နေ့ရက်နှင့်အချိန် - (၈-၁-၂၀၂၅)(ဗုဒ္ဓဟူးနေ့) နေ့လယ်(၁၆:၀၀)နာရီ

(ဂ) လေလံစပေါ် PO Cheque တင်သွင်းရမည့် နေ့ရက်နှင့်အချိန် - (၉-၁-၂၀၂၅) (၀၉:၃၀ မှ ၁၆:၃၀)နာရီထိ

(ဃ) လေလံတစ်စောင် ရောင်းဈေးနှုန်း - ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)

၂။ ကတ္တရာပုံးခွံလေလံဆွဲခွင့်လျှောက်လွှာပုံစံအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်းနံပါတ် ၀၉-၄၃၁၈၁၂၈၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အမည်ပြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် CAE ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော အဘ ဦးနိုင်ဝင်းအေး ၉/မသန(နိုင်)၀၀၀၅၅၈ အမိ ဒေါ်နွယ်လေးလေးလတ် ၈/မကန(နိုင်)၁၁၈၉၂၉ တို့၏သမီး မသီရိထက်နိုင် ၁၃/တကန(နိုင်)၃၇၆၁၀၂ အား မမေဖြူစင်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမေဖြူစင်ထက်

## ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၁)ရပ်ကွက်နေ မောင်ကျော်ဇင်ဝင်း(ဘ)ဦးမောင်ဖြူ ၁၄/ပသန(နိုင်)၂၃၇၃၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 928213)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

## ဖခင်အမည်မှန်

ဘီးလင်းမြို့၊ (အ.ထ.က-ခွဲ)(မုသင်)ကျောင်း၊ Grade-6 မှ မောင်ဘုန်းပြည့်လျှံ၏ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၇/ဒဥန(နိုင်)၂၁၇၁၄၇ ဖြစ်ပါကြောင်း။

ဦးအောင်အောင်

## မိခင်အမည်မှန်

ဘီးလင်းမြို့၊ (အ.ထ.က-ခွဲ)(မုသင်)ကျောင်း၊ Grade-10 မှ မမေဖူးသုန်၏မိခင်အမည်မှန်မှာ ဒေါ်မော်မော် ၁၀/ဘလန(နိုင်)၁၀၄၄၄၄ ဖြစ်ပါကြောင်း။

ဒေါ်မော်မော်

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက်သုံးဆီများကို သတ်မှတ်နေရာ အရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ | ၅၀၀၀၀၀ ဂါလန် |
| (ခ) | ပရီမီယံဒီဇယ်ဆီ | ၃၀၀၀၀ ဂါလန် |
| (ဂ) | ဓာတ်ဆီ | ၁၀၀၀၀ ဂါလန် |

အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၁၂-၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၈-၁၂-၂၀၂၄ ရက်နေ့(၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြေတံတားလမ်းနေ ဦးစိုးမြင့်(ခ)ဦးပျော့+(ဒေါ်မာလာမြင့်)တို့၏သမီး မသက်ဖူးကေခိုင်ဇံ ၃/ဘအန(နိုင်)၃၀၃၉၈၃ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်၍မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင် ဦးစိုးမြင့်(ခ)ဦးပျော့ ဘားအံမြို့

## ပျောက်ဆုံးကြောင်း

သာကေတမြို့၊ ၁၀/တောင်(၁၃)၊ သံလျှင်တံတားဝင်းနေ မဖြိုးဖြိုးအောင်(ဘ)ဦးခင်မောင်အုန်း ၁၂/သကတ(နိုင်)၂၀၇၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၀၇၇၇

## ပျောက်ဆုံးကြောင်း

နန့်ချိုဇင်ဝင်း(ဘ)ဦးစိုးဝင်း ၁၄/ကပန(နိုင်)၁၇၆၉၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 680743)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၄၀၁၇၃၇၉

## ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့၊ ပိတောက်ချောင်းရွာနေ ဒေါ်ဝင်းပပလှိုင်(ဘ)ဦးတင်ဝင်း ၁၄/ပသန(နိုင်)၂၁၂၆၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၆၈၃၃၃၆

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကံကလေးရွာနေ မောင်မင်းငွေ(ဘ)ဦးကျော်ရင်၇/ကတခ(နိုင်)၁၆၂၆၃၅ ကိုင် ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 542131)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၄၂၇၆၁၀၉၅

## ပျောက်ဆုံးကြောင်း

တောင်ငူမြို့၊ ကရင်ချောင်းရွာနေ ဇင်မာဝေ(ဘ)ဦးတင်သိန်း ၇/တငန(နိုင်)၂၂၉၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ချမ်းမြေ့ဇော်(ဘ)ဦးဝင်းဇော် ၁၂/မရက(နိုင်)၁၇၄၄၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 920190)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၄၀၁၇၃၇၉

## ဖခင်အမည်မှန်

ပဲခူးမြို့၊ ကတွင်းခြံကျေးရွာနေ မခိုင်ရတနာလင်း ၇/ပခန(နိုင်)၄၃၅၆၅၇ ကိုင်ဆောင်သူ၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းဖြစ်ပါကြောင်း။

ဦးဆန်းဝင်း

## ပျောက်ဆုံးကြောင်း

မောင်ကျော်စိုး(ဘ)ဦးရွှေလှိုင် ၁၂/ဒဂတ(နိုင်)၁၃၁၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

တောင်ငူမြို့၊ ဂုံမင်းအိုင်ရွာနေ မဌေး(ဘ)ဦးသောင်းတင် ၇/တငန(နိုင်)၁၅၆၈၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကညံ့ရပ်ကွက်၊ အာဇာနည်လမ်းနေ မခင်မလာ(ဘ)ဦးငွေခိုင် ၆/ထဝန(နိုင်)၀၆၈၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၉၆၆၇၂၁၂

## ပျောက်ဆုံးကြောင်း

နတ်မောက်မြို့၊ ဝါးရုံကုန်းရွာနေ ကျော်သူ(ဘ)ဦးစိန်ဟန် ၈/နမန(နိုင်)၁၇၅၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ခင်ဖြိုးမြင့်(ဘ)ဦးမြင့်သန်း ၉/မခန(နိုင်)၂၁၉၂၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၃၉၆၇၂၅၁

## ပျောက်ဆုံးကြောင်း

ဆုအဥ္စလီ(ဘ)ဦးဝင်းကျော် ၉/မခန(နိုင်)၂၅၇၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၅၀၆၉၃၄

## ပျောက်ဆုံးကြောင်း

ခင်မာလာ(ဘ)ဦးသန်းဇော်လတ်၇/ဒဥန(နိုင်)၂၁၄၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၈၉၅၁၆၁၆

## ပျောက်ဆုံးကြောင်း

ဖြူးမြို့၊ တံခွန်တိုင်ရွာနေ ကေသီဝင်း(ဘ)ဦးကျော်ရှိန် ၇/ဖမန(နိုင်)၁၉၉၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ဖြိုးဝေဇော်(ဘ)ဦးသိန်းဇော် ၁၂/ပဇတ(နိုင်)၀၃၃၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၅၇၁၇၂၆

## ပျောက်ဆုံးကြောင်း

ခင်ထွန်း(ဘ)ဦးအုန်းသော် ၁၂/အစန(နိုင်)၀၃၆၇၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၄၀၁၀၆၆

## ပျောက်ဆုံးကြောင်း

အောင်ကျော်ထက်(ဘ)ဦးမြင့်အောင် ၅/ကလထ(နိုင်)၁၆၂၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 037221)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၃၉၆၇၂၅၁

## ပျောက်ဆုံးကြောင်း

တင်ဇာဝင်း(ဘ)ဦးမြရွှေ ၈/မဘန(နိုင်)၁၆၇၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

စစိုးဇော်ဇော်(ဘ)ဦးတောက်ထွန်း ၁၄/အမန(နိုင်)၂၂၀၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ခင်ကြည်(ဘ)ဦးတင်အောင် ၁၂/ရပသ(နိုင်)၁၀၅၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 828978)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၂၅၂၅၇၃

## ပျောက်ဆုံးကြောင်း

ကျော်ကျော်ခိုင်(ဘ)ဦးညီညီလှိုင် ၁၂/ဒဂတ(နိုင်)၀၃၆၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၂၆၅၆၇၅၂

## ပျောက်ဆုံးကြောင်း

ဝေယံဟိန်း(ဘ)ဦးဝင်းဌေး ၈/ပမန(နိုင်)၁၅၃၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 144856)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၀၂၂၁၁၉

## ပျောက်ဆုံးကြောင်း

အောင်အောင်(ဘ)ဦးဇော်ကြီး ၁၄/မမန(နိုင်)၃၃၉၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 936512)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၀၅၅၃၂၄၈

## ပျောက်ဆုံးကြောင်း

မိုးညိုဟန်(ဘ)ဦးစစ်ဟန် ၁၂/သဃက(နိုင်)၀၈၁၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 145595)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၆၉၇၆၃၀၃

## အလိမ္မာစာမှာရှိ

## ပျောက်ဆုံးကြောင်း

အေးသီတာ(ဘ)ဦးမြင့်နိုင် ၁၂/တကန(နိုင်)၁၇၈၈၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 080740)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၁၀၄၁၀၀၁

## ပျောက်ဆုံးကြောင်း

မင်းသီဟ(ဘ)ဦးပန်းရွှေ ၁၂/ဆကခ(နိုင်)၀၁၇၀၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 942112)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၅၄၁၆၄၃

## ပျောက်ဆုံးကြောင်း

အိအိစုပိုင်(ဘ)ဦးမောင်စန်း ၅/မရန(နိုင်)၂၆၁၄၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 662182)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၆၉၇၆၉၃

## ပျောက်ဆုံးကြောင်း

မမှူးမြင့်မြတ်အောင်(ဘ)ဦးလှအောင် ၇/ပခန(နိုင်)၄၄၀၅၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

အေးအေးခိုင်(ဘ)ဦးအောင်တင် ၁၂/ဥကတ(နိုင်)၁၃၇၉၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၁၅၇၅၆၇၃

## ပျောက်ဆုံးကြောင်း

အောင်လင်း(ဘ)ဦးယောဇရန်း ၅/နယန(နိုင်)၀၁၁၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 423445)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၁၈၅၅၆၉၀

## ပျောက်ဆုံးကြောင်း

သက်ပိုင်စိုး(ဘ)ဦးထွန်းကျော် ၁၄/အဂပ(နိုင်)၂၄၅၅၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 241691)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၅၇၁၆၅၀၀

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## ပျောက်ဆုံးကြောင်း

ကျော်ထွေး(ဘ)ဦးခင်မောင်မြင့် ၇/ပခန(နိုင်)၅၁၀၆၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 679980)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ဇင်မာနွယ်(ဘ)ဦးမျိုးမင်းဦး ၈/တတက(နိုင်)၂၇၇၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

အိမ့်ကြည်သာအောင်(ဘ)ဦးကောင်းထက်ဇင်၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 843813)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၄၅၃၀၅

- ❖ **လူငယ်များသည် တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ် . . .**
- ❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော်  ဒီဇင်ဘာ ၆**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်၊ အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ **စာမျက်နှာ ၁၁ ကော်လံ ၁ ◆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် သုမင်္ဂလာအဆင့်မြင့်ဈေး တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

စာ - ၅ သို့

## နှောင်တစ်ခေတ်ရည်မျှော် အောင်စစ်သည်တော်များသို့ ဂုဏ်ပြုဖော်ညွှန်း စာမော်ကွန်း

စာ - ၉ သို့




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563